အန္တရာယ် ရန်မန် ဘေးဒဏ် ခပ်သိမ်း

ကင်းငြိမ်း ကာဆီး

## ပရိတ်ကြီး ပါဠိတော်

နှင့်

# ပရိတ်ကြီးမြန်မာပြန်

**ဦးစိုးဝင်း**

စေတီယင်္ဂဏ-အစိုးရ ဓမ္မာစရိယ၊

စတုတ္ထအကြိမ် ပြင်ဆင်ရိုက်နှိပ်ခြင်း

ဘီ၊အိး၊တီ၊ ပုံနှိပ်တိုက်၊
အမှတ် ၁၅၂ ၄၅-လမ်း၊ ရန်ကုန်မြို့။

၁၃၃၃-ခု၊ အဘိုး ၁-ကျပ် ၂၅ ပြား။

၉၇၄၇

အန္တရာယ် ရန်မန် ဘေးဒဏ် ခပ်သိမ်း

ကင်းငြိမ်း ကာဆီး

# ပရိတ်ကြီး ပါဠိတော်

နှင့်

# ပရိတ်ကြီး မြန်မာပြန်

စတုတ္ထအကြိမ် ရိုက်နှိပ်ခြင်း

ဘီ၊အီး၊တီ၊ ပုံနှိပ်တိုက်၊ အမှတ် ၁၅၂ ၄၅-လမ်း၊ ရန်ကုန်မြို့။

၁၉၇၁-ခု၊ မတ်လ

စတုတ္ထ အကြိမ်ရိုက်

အုပ်ရေ (၃၀၀၀)

၁၉၇၁-ခု၊ ဧပြီလ


၃၁-၄-၇၁ နေ့စွဲပါ အမ(၅၁၅၉)၇၁
ဘာသာရေးစာပေဆိုင်ရာကင်းလွတ်ခွင့် (၄၈၃၂) အရ

ထုတ်ဝေသူ။ ဦးလှကြည်
ဘီ၊အီး၊တီ၊ စာညွှန့်
မှတ်ပုံတင်အမှတ် (၀၁၀၁၇) ဖြင့်

ပုံနှိပ်သူ။ ဦးလှကြည်၊ မှတ်ပုံတင် (၀၁၄၇၇)
ဘီ၊အီး၊တီ ပုံနှိပ်တိုက်၊
အမှတ် ၁၅၂၊ ၄၅-လမ်း၊ ရန်ကုန်မြို့။

အဘိုး ၁ကျပ် ၂၅ပြား။

# နိဒါန်း

ပရိတ္တာနိ ဂရုံကတွာ၊
သုဇနာ ရဋ္ဌဝါသိကာ။
သဗ္ဗလောက ဟိတတ္ထာယ၊
သမ္မာဘာဏန္တု သဗ္ဗဒါ။

သုဇနာ၊ သူတော်ကောင်း ဖြစ်ကုန်သော။ ရဋ္ဌဝါသိကာ၊ ပြည်သူပြည်သားလူအများတို့သည်။ သဗ္ဗလောက ဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောကကြီး၏ အစီးအပွားအလို့ငှါ။ ပရိတ္တာနိ၊ ပရိတ်တရားတော်တို့ကို။ ဂရုံကတွာ၊ အလေး အမြတ် ပြု၍ သဗ္ဗဒါ၊ နေ့နေ့ ညည ကာလခပ်သိမ်း။ သမ္မာ၊ ကောင်းစွာ။ ဘာဏန္တု၊ ရွတ်နိုင် နာနိုင်ကြပါစေကုန်သတည်း။

အိမ်ဝင်း ခြံဝင်း အတွင်းသို့ အလိုမရှိအပ်သော ဘေးရန် အန္တရာယ်အယှက်များ မဝင် မရောက်နိုင်အောင် ဝင်းထရံ ခြံစည်း ရိုး ကာရံကြသလို ဗုဒ္ဓဘာသာဝင်တို့သည် ကိုယ်တွင်း ကိုယ်ပ သန္တာန်၌ ဘေးရန် အန္တရာယ်များ မကျ မရောက်ရအောင် ပရိတ်တရားတော်တို့ဖြင့် အရံအတား ပြုလုပ်ကြလေသည်၊ ပရိတ် တရားတော်ဆိုသည်မှာ လာသော ဘေးရန်ကို ထက်ဝန်းကျင်မှ ကာကွယ် စောင့်ရှောက်ပေးသော တရားကိုဆို၏၊ သို့ ပရိတ်အရံ အတား ပြုလုပ်ကြရာ၌ ရွတ်ဘတ်သူရော နာကြားသူပါ ကိုယ်စီ ကိုယ်ငှ အင်္ဂါပြည့်စုံကြမှ သာလျှင် ရည်မှန်းချက် အတိုင်း ထမြောက် အောင်မြင်နိုင်ရာသည်။

ထို အကြောင်းကို ပါဠိ အဋ္ဌကထာ လာသည်နှင့်လျော်ညီစွာ ရှင်းလင်းပြရမူ ပရိတ်ရွတ်ဘတ် သူသည်-

၁။ အက္ခရာ ပုဒ် ဝါကျတို့ကို မှန်ကန်စွာ ရွတ်ဘတ်ခြင်း။

၂။ ပရိတ်တော်၏ အနက် အဓိပ္ပါယ်ကို သိခြင်း။

၃။ လာဘ် ပူဇော်သက္ကာရကို မငဲ့မကွက်ဘဲ မေတ္တာ ကရုဏာ ရှေ့ထား၍ ရွတ်ဘတ်ခြင်း။

ဤ အင်္ဂါသုံးပါးနှင့် ပြည့်စုံရမည်၊ ထိုနည်းတူစွာ ပရိတ်နာသူ မှာလည်း-

၁။ အမိသတ်မှု အဘသတ်မှု ရဟန္တာသတ်မှု ဘုရားသွေးစိမ်း တည်အောင် ပြုလုပ်မှု သံဃာကို သင်းခွဲမှု ဤကံကြီး ငါးပါးတို့တွင် တပါးပါးမျှ မရှိရခြင်း။

၂။ ဗုဒ္ဓဝါဒမှ တပါးသော ဝါဒသို့ သက်ဝင်ယုံကြည်မှု မရှိရခြင်း။

၃။ ပရိတ် တရားတော်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို အလွန်ယုံကြည်ခြင်း။

ဤ အင်္ဂါ သုံးပါးနှင့် ပြည့်စုံရမည်၊ ယင်းသို့ ရွတ်သူ နာသူ နှစ်ဘက်လုံး ကိုယ့်တာဝန် ကိုယ်ကြေပွန်ကြမှ သာလျှင် မိမိတို့ လိုလားကြသော အကျိုးစီးပွားများ ဖြစ်ထွန်း ပေါ်ပေါက်လာ ဘွယ်ရာ အကြောင်းရှိလေသည်။

မြတ်စွာဘုရား လက်ထက်တော် အခါက ပါဠိဘာသာဖြင့် ဟောကြ ပြောကြ ရွတ်ဘတ်တော် မူကြလျှင် လူမျိုးတိုင်းလူမျိုး တိုင်း ယောကျ်ား မိန်းမ ကလေးသူငယ်များပါ မကျန် နားလည် ကြသည်၊ အနက် အဓိပ္ပါယ်ကို သိလွယ် မြင်လွယ်ကြသည်၊ ထိုကြောင့် ပရိတ်တော်၏ တန်းခိုးအာနိသင်များလည်း အစွမ်း ထက်တော် မူကြလေသည်။

ကျွန်ုပ်တို့ ခေတ်တွင်မူ ရှင်ပြု ငှခင်းသံ အလှူမှစ၍ သာရေး နာရေး ကိစ္စတို့၌ ပရိတ်တရားတော်ကို နာယူကြလေသည်၊ သို့သော် အနက် အဓိပ္ပါယ်ကို မသိသူက များပြားလှ၏၊ အနက် အဓိပ္ပါယ် မသိလျှင် ဂုဏ်တော် ကျေးဇူးတော်တို့ကို အောက်မေ့ ကြည်ညိုနိုင်ရန်လည်း ခဲယဉ်းဘိ၏၊ အောက်မေ့ကြည်ညိုနိုင်ခွင့် မရ ပါက အလွန်ယုံကြည်ဘို့ရန်သည်း ခက်ခဲတော့မည်၊ အလွန်ယုံ ကြည်မှုမရှိပြန်ကလည်း ပရိတ်နာသူ၏ အင်္ဂါဟပါ ချို့ယွင်း သွားမည်မှာ အမှန်ပင် ဖြစ်၏။

ထိုကြောင့် ပရိတ်ကြီး မြန်မာပြန် ရေးသားရန် စိတ်ကူးဉာဏ် ပေါ်လာပါသတည်း။

ပရိတ်တော်တို့တွင် ပရိတ်ကြီး ၁၁-သုတ် ပါဠိတော်သည် တိုက်ရိုက် ဘုရားဟော ပါဠိတော်တို့နှင့် ပါဠိတော်အားလျော်စွာ ရှေးဆရာကြီးတို့စီရင်ထည့်သွင်းထားသော ဂါထာဗန္ဓများ ပါဝင် ကြသည်၊ သို့ပါဝင်သော်လည်း ကောင်းကျိုးချမ်းသာကို ပေးစွမ်း နိုင်သော တန်းခိုးအာနိသင် ရှိကြကုန်ရကား ရှေးဆရာ စဉ်ဆက်

မှုစ၍ အဆက်မပြတ် သုံးစွဲတော် မူခဲ့ကြလေသည်၊ ထိုကြောင့် ရကား-

၁။ အလှူမင်္ဂလာ အိမ်တက်မင်္ဂလာ, စသည်တို့ ပြုလုပ်သော အခါ မင်္ဂလသုတ် မေတ္တာသုတ်တို့ကို ရွတ်ဘတ်တော်မူကြ၏။

၂။ ရောဂါဆိုး, ကပ်ဆိုးကြီးများ ဆိုက်ရောက်သော အခါ ရတနသုတ်ကို ရွတ်ဘတ်တော်မူကြ၏။

၃။ နတ်များ ချောက်လှန့်သောအခါ သူတပါးက ရန်ငြိုး ထားသောအခါ မေတ္တာသုတ်ကို ရွတ်ဘတ်တော်မူကြ၏။

၄။ မြွေ ကင်း သန်း စသည်ဘေးရန် ထူထပ်ပေါများသော အခါ ခန္ဓသုတ်ကို ရွတ်ဘတ်တော်မူကြ၏။

၅။ ရာဇဝတ်ဘေးနှင့် ရင်ဆိုင် တွေ့ကြုံသောအခါ မောရသုတ်ကို ရွတ်ဘတ်တော်မူကြ၏။

၆။ မီးဘေး သင့်ရောက်သောအခါ ဝဋ္ဋသုတ်ကို ရွတ်ဘတ် တော်မူကြ၏။

၇။ စစ်မက် အန္တရာယ် ဖြစ်ပွားနေသောအခါ ဓဇဂ္ဂသုတ်ကို ရွတ်ဘတ်တော်မူကြ၏။

၈။ ဘီလူး သရဲ သဘက် ဝင်ရောက်နှောက်ရှက်ဖျက်ဆီးသော အခါ အာဋာနာဋိယသုတ်ကို ရွတ်ဘတ်တော်မူကြ၏။

၉။ မိန်းမ ကိုယ်ဝန်ရှိသောအခါ မီးမဖွားနိုင်သော အခါ အင်္ဂုလိမာလသုတ်ကို ရွတ်ဘတ်တော်မူကြ၏။

၁၀။ ရောဂါဝေဒနာ သည်းထန်စွာ ခံစားနေရသောအခါ ဗောဇ္ဈင်္ဂသုတ်ကို ရွတ်ဘတ်တော်မူကြ၏။

၁၁။ ဂြိုဟ်စီး ဂြိုဟ်နှင်း ကံကြမ္မာ ဇာတာ မကောင်းသော အခါ ပုဗ္ဗဏှသုတ်ကို ရွတ်ဘတ်တော်မူကြ၏။

ထိုမှတပါး နေ့စဉ်အလှည့်ကျ ဝတ်ရွတ်စဉ်ထား၍ရွတ်ဘတ်ရန် ယခုအခါ "အစိုးရ ပရိတ်တော် စီစဉ်သတ်မှတ်ရေး ကော်မီတီ"က အောက်ပါအတိုင်း စည်းကမ်း ချမှတ်ထားတော်မူ၏။

| | | |
|---|---|---|
| ၁။ | တနင်္ဂနွေနေ့- | သမန္တာစက္ကဝါဠေသု မှစ၍ မင်္ဂလသုတ်ကို ရွတ်ဘတ်ရမည်...။ |
| ၂။ | တနင်္လာနေ့- | ရတနသုတ်ကို ..............။ |
| ၃။ | အင်္ဂါနေ့- | မေတ္တသုတ် ခန္ဓသုတ်ကို....။ |
| ၄။ | ဗုဒ္ဓဟူးနေ့- | မောရသုတ် ဝဋ္ဋသုတ်ကို....။ |
| ၅။ | ကြာသပတေးနေ့- | ဓဇဂ္ဂသုတ်ကို.... ...........။ |
| ၆။ | သောကြာနေ့- | အာဋာနာဋိယသုတ်ကို....။ |
| ၇။ | စနေနေ့- | အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်ကို ရွတ်ဘတ်ရမည်။ |

ဟု ချမှတ်တော်မူ၏။ ထိုနည်းတူစွာ ဤပရိတ်ကြီး မြန်မာပြန် သက်သက်ကိုလည်း ရွတ်ဘတ်နိုင်ပါသည်။ သီလခံယူပြီးမှ ပရိတ်

ရွတ်ဘတ်လျှင် ပရိတ်တော်၏ တန်းခိုးအာနုဘော် ပိုမိုအစွမ်းထက်သန်ပါသည်။ နက်များကို ပင့်ဘိတ်၍ ရွတ်ဘတ်လျှင်လည်း ပြန်ပို့ရန် ဝတ္တရားရှိလေသည်။ နတ်ပို့ရန်မှာ ပုဗ္ဗဏှသုတ်လာ "ဧတ္တာဝတာစ အမှေဟိ"အစရှိသော ဂါထာနှင့် "ဒါနံဒဒန္တု သဒ္ဓါယ" အစရှိသော ဂါထာတို့၏ မြန်မာပြန်များဖြစ်၏။

ဤပရိတ်ကြီး မြန်မာပြန်ကို အထက်က ဆိုခဲ့သည့် အတိုင်း ပရိတ်ကြီးပါဠိတော်၏ အနက်အဓိပ္ပါယ်ကို အလွယ်တကူသိကြရန် အလို့ငှါရင်း၊ ပရိတ်တော်၏ ဂုဏ်ဘော် ကျေးဇူးတော်တို့ကို အောက်မေ့ကြည်ညိုရာ၌ ပိုမိုတိုးပွား သဒ္ဓါတရားထက်သန်လာရန် အလို့ငှာရင်း၊ ပရိတ်တော်ကို မြန်မာဘာသာသက်သက်ဖြင့် ရွတ်ဘတ်နိုင်ရန် အလို့ငှါရင်း၊ ဆိုင်ရာ ပါဠိ အဋ္ဌကထာ နိဿျတို့ကို မှီငြမ်းပြု၍ ကောင်းစွာ စိစဉ် ရေးသားအပ်ပါသတည်း။

စိုးဝင်း
စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ၊
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ-
အဃိဒိတာ
ပိဋကတ်တော် မြန်မာပြန် ဌာန၊
နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့။

ရန်ကုန်မြို့။
၁၃၁၇-ခု၊ နယုန် ၉-ရက် အင်္ဂါနေ့။

# ပရိတ်ရွတ်ဖတ်ခြင်း၌ ပါရမီဆယ်ပါးဖြစ်ပုံ

၁။ ပရိတ်တရားတော်ကို နာကြားရန် နတ်များကို ပင့်ဖိတ်၍ ရွတ်ဖတ်သောကြောင့် ဒါနပါရမီ ဖြစ်၏။

၂။ ပရိတ်မရွတ်ဖတ်မီ သီလခံယူဆောက်တည်ခြင်း၊ ပရိတ်ရွတ်ဖတ်နေစဉ် ကိုယ်နှုတ်တို့ဖြင့် မကောင်းမှုမှ ရှောင်ကြဉ် ကြည်လင်အေးမြခြင်းကြောင့် သီလပါရမီ ဖြစ်၏။

၃။ ပရိတ်ရွတ်ဖတ်နေစဉ် ကာမအာရုံခံမင်စွဲလမ်းမှုဖြင့် ထွေထွေလာလာ ကြံစည်ခြင်းဟူသော ကာမဝိတက်မှ ထွက်မြောက်ခြင်းကြောင့် နေက္ခမ္မပါရမီ ဖြစ်၏။

၄။ ပရိတ်တော်လာ အနက် အဓိပ္ပါယ်တို့ကို သိအောင် ကြံစည် လေ့လာခြင်း၊ မသိသောအရာကို မေးမြန်း ဆွေးနွေးခြင်းကြောင့် ပညာပါရမီ ဖြစ်၏။

၅။ ပျင်းရိငြီးငွေ့ခြင်း စသည်တို့ကို ပယ်ဖျောက်၍ ရွတ်ဖတ်သောကြောင့် ဝီရိယပါရမီ ဖြစ်၏။

၆။ ပရိတ်ရွတ်ဖတ်သောအခါ ညောင်းညာ ကိုက်ခဲ ထုံကျင်ခြင်း အစရှိသော ဆင်းရဲမှုကို သည်းခံခြင်းကြောင့် ခန္တီပါရမီ ဖြစ်၏။

၇။ ပရိတ် တရားတော်သည် မှန်သော တရားတော် ဖြစ်၍ ပရိတ် အရံအတား ပြုသည့်အခါအမှန်ကို ရွတ်ဆိုရခြင်းကြောင့် သစ္စာပါရမီ ဖြစ်၏။

၈။ နေ့စဉ်နေ့တိုင်း ဤသုတ် ဤသုတ်တို့ကို ရွတ်ဘတ်မည်ဟု ပရိတ်တရားတော်ကို ပိုင်းခြား သတ်မှတ်၍ ရွတ်ဘတ် သောကြောင့် အဓိဋ္ဌာနပါရမီ ဖြစ်၏။

၉။ ပရိတ်ရွတ်ဘတ်သည့်အခါ မေတ္တာတရား ရှေ့ထား၍ ရွတ်ဘတ်သောကြောင့် မေတ္တာပါရမီ ဖြစ်၏။

၁၀။ ပရိတ်ရွတ်ဘတ် ပြုလုပ်ခြင်းကို ယုံကြည်သောသူ၊ မယုံကြည်သောသူတို့၏ ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်း စသည်ကို လျစ်လျူပြု၍ ရွတ်ဘတ်သောကြောင့် ဥပေက္ခာပါရမီ ဖြစ်၏။

ဤသို့လျှင် ပရိတ်ရွတ်ဘတ်ခြင်း၌ ပါရမီဆယ်ပါး ဖြစ်၏ ဟု မှတ်ယူရာ၏။

# ပရိတ်ကြီး အကျိုး

အစိန္တေယျ၊ ဂုဏ်ပေါင်းခ သည့်၊ လောကတန်ဆောင်၊ ငါး မာရ်အောင်ဟု၊ ဘုန်းရောင်လျှံကြွား၊ ရှင်တော်ဘုရား၏၊ ဟော ကြား ညွှန်ပြီး၊ ပရိတ်ကြီးလာ၊ အကျိုးမှာကား–

၁။ မဟာမင်္ဂလသုတ် ကျိုးညွှန်ထုတ်သော်၊လောကုတ် လော ကီ၊ နှစ်လီမင်္ဂလာ၊ ချမ်းသာကောင်းကျိုး၊ရွာသွန်းမိုးသို့၊ စွေဖြိုးလျှံပ၊ တိုးပွားလှတည်း။

၂။ ရတနသုတ်မြွက် ဘုံးကြိမ်ဘတ်က၊ သက်ဖြတ်ခန္ဓာ၊ ရောဂါဥပဒ်၊ငတ်မွတ်ခေါင်းပါး၊ကပ်သုံးပါးတို့၊ရှောင် ရှားပြေးကြ၊ ငြိမ်းအေးလှတည်း။

၃။ မေတ္တသုတ်မှာ ဒေဝါနတ်များ၊ ချစ်ခင်ပွားရှိ၊ ဆိုးရွား အိပ်မက်၊ မမြင်မက်ဘဲ၊ အိပ်စက်နိုးထ၊ ချမ်းသာရလျက်၊ ရန်စ ရန်ညှောင့်၊ မြန်ပျောက်လိုက၊ ရွတ်ကြအဟုတ်၊ ခုနစ်အုပ်တည်း။

၄။ ခန္ဓသုတ်မွန် ဆိပ်ထန်ဆိုးရွာ၊ မြွေကင်းများနှင့်၊ သစ် ကျား ဝံ အောင်း၊ သားရဲပေါင်းတို့၊ကွာရှောင်းဝေးရာ၊ ဖဲသွားခွါအောင်၊ ရွတ်ပါနေ့ည၊ ကိုးကြိမ်ပတည်း။

၅။ မောရသုတ်မှာ ရာဇဝတ်ဘေး၊ ပြေး၍မလွတ်၊ မချွတ် ရောက်ငြား၊ ရင်ဆိုင် လာသော်၊ စိတ်အားမပျက်၊ နေထွက်နေဝင်၊ မြဲလျှင်မပြတ်၊ ရွတ်ဆိုအပ်၏။

၆။ ဝဋ္ဋသုတ်မှာ ရွာဒိုးမြို့မြိုး၊ တောမီးမကျန်၊ မီးဘေးရန်မှ၊ ကင်းဝေးရ၏။

၇။ ဓဇဂ္ဂသုတ်မှာ ပြင်းစွာကြောက်လှ၊တုန်လှုပ်ကြ၍၊စိတ်က ချောက်ချား၊ ထိတ်လန့်များလျက်၊ ကြောက်အားဖိစီး၊ ကြက်သီးဖျန်းလာ၊ ရွတ်ဆိုရာ၏။

၈။ အာဋာနာဋိယ ရွတ်ဘတ်ကြလေ၊တစ္ဆေမှင်စာ၊မာတရာ မြေဘုတ်၊ ဖုတ်သဘက်ကျပ်၊ နတ်ဆိုးမကျန်၊ ကုမ္ဘဏ် ဘီလူး၊ ထူးထူးနှောင့်ရှက်၊ နှိပ်စက်မရှိ၊ ချမ်းသာဘိ၏။

၉။ အင်္ဂုလိမာလ သုတ်အရမူ၊ မိန်းမဓမ္မတာ၊ မီးဖွားခါနီး၊ ဆင်းရဲကြီးက၊ မငြိုးသန့်စင်၊ ဖွားမြင်စေလို၊ရေကိုသုံးခါ၊ စစ်ပြီးကာမှ၊ ခုနစ်ခါမန်းတိုက်၊ ကိုယ်၌စွဲဝင်၊ဘေးဘျမ်း စင်၏။

၁၀။ ဗောဇ္ဈင်သုတ်မြတ် သုံးကြိမ်ဘတ်မူ၊ စွဲလတ်ရောဂါ၊ ဝေဒနာမှာ၊ ပိန်းကြာဘက်တွင်၊ ရေမတင်သို့၊ကြည်လင် အေးမြ၊ချမ်းသာရ၏။

၁၁။ ပုဗ္ဗဏှသုတ်ကို ရွတ်ဘတ်ဆိုသော်၊ ဂြိုဟ်စီး ဂြိုဟ်နင်း၊ ဆိုးရွားခြင်းတွင်၊ နိမ့်ဆင်းကြမ္မာ၊ ဆိုးဒသာနှင့်၊ ဇာတာ စန်းလဂ်၊ ညှိုးနွမ်းချက်မှ၊ ဆက်ဆက်မုချ၊ လွတ်ကင်းကြ သည်၊ ဒိဋ္ဌလက်ငင်း ကောင်းကျိုးတည်း။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| | နတ်ပင့်ခဏ်း .... .... | ၁ |
| ၁။ | မင်္ဂလသုတ် မြန်မာပြန် .... .... | ၆ |
| ၂။ | ရတနသုတ် မြန်မာပြန် .... .... | ၁၃ |
| ၃။ | မေတ္တာသုတ် မြန်မာပြန် .... .... | ၂၈ |
| ၄။ | ခန္ဓပရိတ် မြန်မာပြန် .... .... | ၃၃ |
| ၅။ | မောရပရိတ် မြန်မာပြန် .... .... | ၃၇ |
| ၆။ | ဝဋ္ဋပရိတ် မြန်မာပြန် .... .... | ၄၈ |
| ၇။ | ဓဇဂ္ဂပရိတ် မြန်မာပြန် .... .... | ၄၄ |
| ၈။ | အာဋာနာဋိယသုတ် မြန်မာပြန် .... | ၅၈ |
| ၉။ | အင်္ဂုလိမာလသုတ် မြန်မာပြန် .... | ၇၁ |
| ၁၀။ | ဗောဇ္ဈင်္ဂသုတ် မြန်မာပြန် .... .... | ၇၃ |
| ၁၁။ | ပုဗ္ဗဏှသုတ် မြန်မာပြန် .... .... | ၇၈ |
| ၁၂။ | ပထဝီဇယမန္တန် (၁၄) ဂါထာပါဌ် .... | ၈၉ |

# ပရိတ်ကြီး မြန်မာပြန်

## ပဌာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### နတ်ပင့်ခြင်း

၁။ သမန္တာ စက္ကဝါဠေသု၊
အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊
သုဏန္တု သဂ္ဂမောက္ခဒံ။

ဤစကြာဝဠာမှအစပြု၍ ထက်ဝန်းကျင်အရပ်မျက်နှာ စကြာဝဠာ တသောင်း၌ နေထိုင်ကြကုန်သော နတ်အများတို့သည် ပရိတ်တရားတော်ကို နာအံ့သောငှါ ဤအရပ်ဌာနသို့ ကြွရောက်တော် မူကြပါကုန်လော့။

ရဟန်းမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏ နတ်ရွာနိဗ္ဗာန်ကို ပေးတော်မူတတ်သော ပရိတ်တရားတော်ကို နာယူကြပါကုန်လော့။

၂။ ဓမ္မသဝနကာလော အယံ ဘဒ္ဒန္တာ။

အို - နတ်အများတို့.... ဤအခါကား ပရိတ်တရားတော်ကို နာယူအံ့သော အခါပေတည်း။

၃။ နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

လူမင်း နတ်မင်း ဗြဟ္မာမင်းစသော အမင်းမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်၍ အလုံးစုံသော တရားတို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းသိမြင်တော်မူသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

၄။ ယေ သန္တာ သန္တစိတ္တာ,
တိသရဏ သရဏာ,
ဧတ္ထ လောကန္တရေဝါ၊
ဘုမ္မာ ဘုမ္မာ စ ဒေဝါ,
ဂုဏ ဂဏ ဂဟဏာ,
ဗျာဝဋာ သဗ္ဗကာလံ။
ဧတေ အာယန္တု ဒေဝါ,
ဝရကနကမယေ, မေရုရာဇေ ဝသန္တော၊
သန္တော သန္တောသဟေတုံ,
မုနိ ဝရ ဝစနံ,
သောတု မဂ္ဂံ သမဂ္ဂါ။

ဤစကြဝဠာ၌ရှင်း၊ တပါးသော စကြဝဠာတို့၌ရှင်း၊ ဘုရား, တရား,သံဃာ ရတနာသုံးပါးလျှင် ကိုးကွယ်ရာ ရှိကုန်၍ သူတော်

ကောင်း ဖြစ်ကုန်လျက် ငြိမ်သက်သော စိတ်ရှိကုန်သော မြေ၌ နေသော ဘုမ္မစိုး ရုက္ခစိုး စတုမဟာရာဇ် တာဝတိံသာ နတ်တို့ သည်ရှင်း၊ ကောင်းကင်၌နေသော ယာမာ အစ အကနိဋ္ဌ အဆုံး တိုင်အောင်သော နတ်တို့သည်ရှင်း။

လောကီဂုဏ်, လောကုတ္တရာဂုဏ် အပေါင်းကို ယူခြင်း၌ အခါ ခပ်သိမ်း အားထုတ်ကြကုန်သော နတ်တို့သည်ရှင်း၊ ငွေ မြ ဖလ် သျှင် ရွှေစင်အတိပြီးသော မြင့်မိုရ်တောင်မင်း၌ နေထိုင်သော သူတော်ကောင်း သိကြားမင်းသည်ရှင်း။

ထိုနတ်အပေါင်းတို့သည် ရောင့်ရဲလွယ်ခြင်း၏ အကြောင်း ဖြစ်သော မြတ်စွာဘုရား ပရိတ်တရားတော်မြတ်ကို နာယူအံ့သော ငှါ ညီညာဖြဖြ ကြွရောက်တော်မူကြပါကုန်လော့။

၅။ သဗ္ဗေသု စက္ကဝါဠေသု၊
ယက္ခာ ဒေဝါ စ ဗြဟ္မနော။
ယံ အမှေဟိ ကတံ ပုညံ၊
သဗ္ဗ သမ္ပတ္တိ သာဓကံ။

၆။ သဗ္ဗေတံ အနုမောဒိတွာ၊
သမဂ္ဂါ သာသနေ ရတာ။
ပမာဒ ရဟိတာ ဟောန္တု၊
အာရက္ခာသု ဝိသေသတော။

ခပ်သိမ်းသော စကြဝဠာတို့၌ နေထိုင် ကုန်သော ဘီလူး နတ် ဗြဟ္မာ အပေါင်းတို့သည် အကျွန်ုပ်တို့ ပြုလုပ်သည့် အလုံးစုံ အရပ်ရပ် စည်းစိမ်ချမ်းသာကို ပြီးစီးစေတတ်သော ကုသိုလ် ကောင်းမှုကို ဝမ်းမြောက်တော်မူကြပါကုန်လော့၊ ကိုယ်စိတ်နှစ်ဖြာ

ညီညာစွာဖြင့် သာသနာတော်၌ မွေ့လျော်နှစ်သက်တော်မူကြပါကုန်လော့၊ အထူးအားဖြင့် စောင့်ရှောက်သော အရာတို့၌ မွေ့လျော်ခြင်း ကင်းကြပါကုန်လော့။

၇။ သာသနဿ စ လောကဿ၊
ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊
ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည်ငှင်း၊ သတ္တဝါဟူသမျှ သတ္တလောကကြီးသည်ငှင်း အခါခပ်သိမ်း ကြီးပွား တိုးတက်ပါစေသတည်း၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကိုငှင်း၊ သတ္တဝါဟူသမျှ သတ္တလောကကြီးကိုငှင်း နတ်ကောင်း နတ်မြတ်တို့သည် အခါခပ်သိမ်း စောင့်ရှောက်ကြ ပါစေကုန်သတည်း။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊
ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊
သဟ သဗ္ဗေဟိ ဉာတိဘိ။

ခပ်သိမ်းသော သတ္တဝါတို့သည် မိမိတို့၏ အခြံအရံ အဆွေအမျိုး အားလုံးတို့နှင့်တကွ ချမ်းသာကြ ပါစေကုန်သတည်း။ ဆင်းရဲမရှိကြ ပါစေကုန်သတည်း၊ ဝမ်းမြောက် ရွှင်လန်းနိုင်ကြပါစေကုန်သတည်း။

၉။ ရာဇတောဝါ စောရတောဝါ မနုဿတောဝါ
အမနုဿတောဝါ အဂ္ဂိတောဝါ ဥဒကတောဝါ
ပိသာစတောဝါ ခါဏုက တောဝါ ကဏ္ဍက

ဝတော ဝါ နက္ခတ္တတော ဝါ ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက မဏိသပ္ပ ဒီပိ အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ ရက္ခသာ-ဒီဟိ နာနာဘယတော ဝါ နာနာရောဂ-တော ဝါ နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ-ဂဏှန္တု။

မင်းဘေးမှရင်း၊ သူခိုးဓားပြဘေးမှရင်း၊ လူရိုင်းဘေးမှရင်း၊ ဘီလူးဘေးမှရင်း၊ မီးဘေးမှရင်း၊ ရေဘေးမှရင်း၊ မြေဘုတ်ဘီလူး ဘေးမှရင်း၊ သစ်ငုတ် ခလုတ်ဘေးမှရင်း၊ ဆူးငြောင့်ဘေးမှရင်း၊ မကောင်းသော နက္ခတ်ဘေးမှရင်း၊ ဇနပုဒ်၌ ဖြစ်သော အနာရောဂါဘေးမှရင်း၊ မကောင်းသောအကျင့်ဘေးမှရင်း၊ မကောင်းသော အယူဘေးမှရင်း၊ သူယုတ် သူညစ်ဘေးမှရင်း။

ကြမ်းသော ဆင်၊ ကြမ်းသော မြင်း၊ ကြမ်းသော သားရဲ၊ ကြမ်းသော နွား၊ ကြမ်းသော ခွေး၊ ကြမ်းသော မြွေ၊ ကြမ်းသော ကင်းမြီးကောက်၊ ကြမ်းသော မြွေစိမ်း၊ ကြမ်းသော သစ်၊ ကြမ်းသော ဝံ၊ ကြမ်းသော အောင်း၊ ကြမ်းသော ဝက်၊ ကြမ်းသော ကျွဲ၊ ကြမ်းသော နတ်ဘီလူး၊ ကြမ်းသော ရေစောင့်ဘီလူး အစရှိသည်တို့ကြောင့် ဖြစ်ကုန်သော အထူးထူးသော ဘေးမှရင်း၊ အထူးထူးသော အနာရောဂါဘေးမှရင်း၊ အထူးထူးသော ဥပဒ္ဒဝေါဘေးမှရင်း၊ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တို့သည် ကြည့်ရှုစောင့်ရှောက်တော်မူကြပါကုန်လော့။

**နတ်ပင့်ခဏ်း ပြီး၏။**

# ၁-မင်္ဂလသုတ် မြန်မာပြန်

၁။ ယံ မင်္ဂလံ ဒွါဒသဟိ၊
စိန္တယိံသု သ ဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊
အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တ နှစ်သက်ကြကုန်သော နတ်လူ အပေါင်းတို့သည် တဆဲ့နှစ်နှစ်တို့ ကာလပတ်လုံး သတ္တဝါ အများ ကြီးပွားချမ်းသာကြောင်းဖြစ်သော မင်္ဂလာတရားတော်ကို ကြံစည်ကြလေကုန်၏၊ ထိုသို့ ကြံစည်ကြကုန်သော်လည်း သုံးဆဲ့ရှစ်ပါး အပြားရှိသော မင်္ဂလာတရားတော်ကို (ကြီးပွားရေး တရားတော်ကို) မသိနိုင်ကြကုန်။

၂။ ဒေသိတံ ဒေဝ ဒေဝေန၊
သဗ္ဗ ပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊
မင်္ဂလံ တံ ဘဏာမ ဟေ။

နတ်တကာတို့ဥက္ကဋ္ဌ ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် အလုံးစုံသော သတ္တလောက၏ အစီးအပွားအလို့ငှာ ထိုမင်္ဂလာတရားတော်ကို ဟောကြားတော်မူ၏၊ သတ္တဝါအများ ကြီးပွားချမ်းသာကြောင်းလည်းဖြစ်၏၊ ခပ်သိမ်းသော မကောင်း မှုကိုလည်း ဖျက်ဆီး ပယ်ဖျောက်တတ်၏၊ အို-သူတော်ကောင်း အပေါင်းတို့....ထိုမင်္ဂလာတရားတော်ကို (ထိုကြီးပွားရေး တရား တော်ကို) ငါတို့ရွတ်ဘတ်ကြကုန်စို့။

၁။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ
ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊
အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ
ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ
ဩဘာသေတွာ ယေန ဘဂဝါ၊ တေနုပသင်္ကမိ
ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ
အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ
ဂါထာယ အဇ္ဈဘာသိ။

ပါရှင်ဘုရား မဟာကဿပ...

ကျွန်ုပ်အာနန္ဒာ မထေရ်သည် ဤမင်္ဂလသုတ် အမိန့်တော်ကို ရှင်တော်ဘုရား မျက်မှောက်တော်မှ ဤသို့သော အခြင်းအရာဖြင့် သာလျှင် ကြားနာမှတ်ဆောင်ရပါ၏။

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိမြို့အနီး အနာထပိဏ် သူဌေး ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန် ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ အမျိုးအမည်အားဖြင့် ပယင်းမရှား အလွန်နှစ်လိုဘွယ်အဆင်းရှိသောနတ်သားတယောက်သည် ညဉ့်ဦးယာမ် လွန်ပြီးသော သန်းခေါင်ယာမ် အခါ၌ အလုံးစုံသော ဇေတဝန်ကျောင်းတိုက်ကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေပြီးလျှင် မြတ်စွာဘုရား ရှိတော်မူရာသို့ ချဉ်းကပ်လေ၏။ ချဉ်းကပ်ပြီးသောအခါ မြတ်စွာဘုရားကို အလွန်ရိုသေစွာ ရှိခိုး၍ "မဝေး နီး လေညာ မြင့်ရာ ရှေ့နောက်" ပြစ်ခြောက် ကင်းကွာ၊ သင့်တင့်လျောက်ပတ်စွာသော နေရာ၌ ရပ်လေ၏၊ ရပ်ပြီးလတ်သော် ထိုနတ်သားသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားတောင်းပန်၏။

၄။ ဗဟူ ဒေဝါ မနုဿာ စ၊
မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊
ဗြူဟိ မင်္ဂလ မုတ္တမံ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား....

နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တ နှစ်သက်ကြကုန်သော နတ်လူအများတို့သည် သတ္တဝါအများကြီးပွားချမ်းသာကြောင်း ဖြစ်သော မင်္ဂလာတရားတော်ကို ကြံစည်ကြလေကုန်ပြီ၊ ထိုသို့ ကြံစည်ကြကုန်သော်လည်း မသိကြပါကုန်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား....အရှင်ဘုရားသည် ထိုထူးမြတ်လှသော မင်္ဂလာ တရားတော်ကို ဟောကြားတော်မူပါလော့။

၅။ အသေဝနာ စ ဗာလာနံ၊
ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊
ဧတံ မင်္ဂလ မုတ္တမံ။

အို-နတ်သား....သူမိုက်တို့ကို မပေါင်းမဆည်းကပ်ခြင်း၊ ပညာရှိတို့ကို ပေါင်းဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ ဤတရား သုံးပါးသည် မြတ်သောမင်္ဂလာမည်၏ဟူ၍မှတ်လေလော့။

၆။ ပတိရူပ ဒေသဝါသော စ၊
ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာ ပဏိဓိ စ၊
ဧတံ မင်္ဂလ မုတ္တမံ၊

အို-နတ်သား....လျော်ကန်သင့်မြတ်သောအရပ်၌နေထိုင်ခြင်း၊ ရှေးရှေးဘဝ၌ ပြုခဲ့ဘူးသော ကုသိုလ်ကောင်းမှု ရှိသူဖြစ်ခြင်း၊ အကျင့်တရား မပျက်ပြားအောင် မိမိကိုယ်စိတ်ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဤတရားသုံးပါးသည် မြတ်သော မင်္ဂလာမည်၏ဟူ၍ မှတ်လေလော့။

၇။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊
ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊
ဧတံ မင်္ဂလ မုတ္တမံ။

အို-နတ်သား....အကြားအမြင်များသောသူဖြစ်ခြင်း၊ လက်မှု ပညာအစရှိသော အတတ်တို့ကို တတ်မြောက်ခြင်း၊ ကောင်းစွာ သင်ကြားပြီးသော ကိုယ်ကျင့်ဝိနည်းတရားရှိခြင်း၊ ကောင်းစွာ ပြောဆိုအပ်သော စကားရှိခြင်း၊ ဤတရား လေးပါးသည် မြတ်သော မင်္ဂလာမည်၏ဟူ၍ မှတ်လေလော့။

၈။ မာတာ ပိတု ဥပဋ္ဌာနံ၊
ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊
ဧတံ မင်္ဂလ မုတ္တမံ။

အို-နတ်သား....အမိအဘတို့ကို လုပ်ကျွေးမွေးမြူခြင်း၊ သားမယားတို့ကို ချီးမြှောက် ထောက်ပံ့ခြင်း၊ လယ်လုပ်ကုန်သွယ် ရောင်းဝယ်ခြင်းစသော အနှောက်အယှက် မရှိသော အမှုတို့ကို ပြုလုပ်ခြင်း၊ ဤတရား သုံးပါးသည် မြတ်သောမင်္ဂလာမည်၏ဟူ၍ မှတ်လေလော့။

၉။ ဒါနဉ္စ ဓမ္မစရိယာ စ၊
ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊
ဧတံ မင်္ဂလ မုတ္တမံ၊

အိုနတ်သား....ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း၊ သုစရိုက်တရား ဆယ်ပါးတို့ကို ကျင့်သုံးခြင်း၊ အဆွေအမျိုးတို့ကို ချီးမြှင့်ထောက်ပံ့ခြင်း၊ ဥပုသ်စောင့်ခြင်း ရေတွင်းရေကန် တူးခြင်းစသော အပြစ်မရှိသော အမှုအလုပ်တို့ကို ပြုလုပ်ခြင်း၊ ဤတရားလေးပါးသည် မြတ်သော မင်္ဂလာမည်၏ဟူ၍ မှတ်လေလော့။

၁၀။ အာရတီ ဝိရတီ ပါပါ၊
မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊
ဧတံ မင်္ဂလ မုတ္တမံ။

အိုနတ်သား... မကောင်းမှုမှစိတ်ဖြင့် ရှောင်ကြဉ်ခြင်း၊ မကောင်းမှုမှ ကိုယ်နှုတ်တို့ဖြင့် အထူးရှောင်ကြဉ်ခြင်း၊ သေရည်သေရက်သောက်ခြင်းမှ ကောင်းစွာ ရှောင်ကြဉ်ခြင်း၊ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်း၊ ဤတရား လေးပါးသည် မြတ်သော မင်္ဂလာမည်၏ဟူ၍ မှတ်လေလော့။

၁၁။ ဂါရဝေါ စ နိဝါတော စ၊
သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊
ဧတံ မင်္ဂလ မုတ္တမံ။

အို-နတ်သား....ရိုသေထိုက်သောသူတို့ကို ရိုသေခြင်း၊ မာန်မာနကို နှိမ့်ချခြင်း၊ ရသမျှဖြင့် ရောင့်ရဲလွယ်ခြင်း၊ သူပြုဘူးသောကျေးဇူးကို သိခြင်း၊ သင့်လျော်သောအခါ၌ သူတော်ကောင်းတရားကို နာခြင်း၊ ဤတရား ငါးပါးသည် မြတ်သောမင်္ဂလာမည်၏ဟူ၍ မှတ်လေလော့။

၁၂။ ခန္တီ စ သောဝစဿတာ၊
သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊
ဧတံ မင်္ဂလ မုတ္တမံ။

အို-နတ်သား. သည်းခံခြင်း၊ သူတော်ကောင်းတို့ ဆုံးမအပ်သော စကားကို နာယူလွယ်ခြင်း၊ ရဟန်းသူမြတ်တို့ကို ဖူးမြင်ခြင်း၊ သင့်လျော်သောအခါ၌ တရားစကားကို ဆွေးနွေးမေးမြန်းခြင်း၊ ဤတရား လေးပါးသည် မြတ်သော မင်္ဂလာမည်၏ ဟူ၍ မှတ်လေလော့။

၁၃။ တပေါ စ ဗြဟ္မစရိယဉ္စ၊
အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊
ဧတံ မင်္ဂလ မုတ္တမံ။

အို-နတ်သား.... မြိုးခြံစွာကျင့်ခြင်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်း အရိယာသူတော်ကောင်းတို့၏ သစ္စာလေးပါးတရားကို သိမြင်ခြင်း၊တဏှာမှထွက်မြောက်ရာ အရဟတ္တဖိုလ်တည်းဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ဤတရားလေးပါးသည် မြတ်သောမင်္ဂလာမည်၏ဟူ၍ မှတ်လေလော့။

၁၄။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ။

အို နတ်သား .. လောကဓမ်တရား ရှစ်ပါးတို့နှင့် တွေ့ကြုံသော ရဟန္တာ၏စိတ်သည် မတုန်မလှုပ်၊ စိုးရိမ်ကြောင့်ကြခြင်းလည်း မရှိ၊ ကိလေသာ ရမ္မက်ဟူသော မြူသည်းမရှိ၊ ကြောက်ထိတ် လန့်တွေး ဘေးလည်းမရှိ၊ ဤတရား လေးပါးသည် မြတ်သော မင်္ဂလာမည်၏ဟူ၍ မှတ်လေလော့။

၁၅။ ဧတာဒိသာနိ ကတွာန၊
သဗ္ဗတ္ထ မ-ပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊
တံ တေသံ မင်္ဂလ မုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

အို - နတ်သား .... နတ်နှင့်တကွသောလူဘို့သည် ဤသုံးဆဲ့ ရှစ်ပါး အပြားရှိသော မင်္ဂလာတရားတော်တို့ကို သင်ယူလိုက်နာ ကျင့်သုံးအားထုတ်ကုန်သည် ရှိသော် အလုံးစုံသော အရပ်တို့၌ ရန်သူတို့သည် မအောင်နိုင်ကြသဖြင့် ကြည်လင် အေးမြ ချမ် သာ ခြင်းသို့ရောက်ကြရကုန်၏၊ အို-နတ်သား....ထိုသုံးဆဲ့ရှစ်ပါးသော မင်္ဂလာတရားတော်သည်သာလျှင် နတ်လူတို့၏ မြတ်သောမင်္ဂလာ မည်၏ဟူ၍ မှတ်လေလော့။

မင်္ဂလသုတ် မြန်မာပြန် ပြီး၏။

# ၂-ရတနသုတ် မြန်မာပြန်

၁။ ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော ဒသ ဥပပါရမိယော ဒသ ပရမတ္ထပါရမိယောတိ သမတိံသ ပါရမိယော ပဉ္စ မဟာပရိစ္စာဂေ လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ ဓမ္မစက္ကပ္ပဝတ္တနံ နဝလောကုတ္တရဓမ္မေတိ သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ ဝေသာလိယာ တီသု ပါကာရန္တရေသု တိယာမရတ္တိံ ပရိတ္တံ ကရောန္တော အာယသ္မာ အာနန္ဒတ္ထေရော ဝိယ ကာရုညစိတ္တံ ဥပဋ္ဌပေတွာ။

ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ နိယတဗျာဒိတ်ကို ခံယူတော်မူသည်မှစ၍ ဥစ္စာ သား မယား တိုင်းကားပြည်ရွာ စသည်တို့ကို ပယ်ခွါစွန့်လှူ ဖြည့်ကျင့်တော်မူလျက် ရှေးဘုရားတို့နှင့် အလားတူစွာ ကြွလာတော်မူသော မြတ်စွာဘုရား၏ဆယ်ပါးသော ပါရမီတော်။

မျက်စေ့ နား နှာ ခြေလက်စသော ကိုယ်အင်္ဂါတို့ကို ပယ်ခွါ စွန့်လှူ ဖြည့်ကျင့်တော်မူသော ဆယ်ပါးသော ဥပပါရမီတော်။

ကိုယ့်အသက်ကို မငဲ့ကွက် မညှာတာ ပယ်ခွါစွန့်လှူ ဖြည့်ကျင့်တော်မူသော ဆယ်ပါးသော ပရမတ္ထပါရမီတော်၊ ဤအများ သုံးဆယ်သော ပါရမီတော်တို့ကိုရင်း။

ဉစ္စာ သား မယား ကိုယ်အင်္ဂါအသက်အားဖြင့် ငါးပါးသော စွန့်ခြင်းကြီးတို့ကိုရင်း။

အလုံးစုံသော သတ္တလောကကြီး၏ အကျိုးစီးပွား အလို့ငှါ ကျင့်တော်မူခြင်း၊ အမျိုးသားတို့၏ အကျိုးစီးပွား အလို့ငှါ ကျင့်တော်မူခြင်း၊ ဘုရားဖြစ်ခြင်း အ်ကျိုးငှါ ကျင့်တော်မူခြင်း၊ ဤသုံးပါးသော အကျင့်မြတ်တို့ကိုရင်း။

အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်၌ အမိဝမ်းတွင်း ဝယ် ပဋိသန္ဓေနေတော်မူခြင်း၊ ဘွားမြင် သန့်စင်တော်မူခြင်း၊ တောထွက်တော်မူခြင်း၊ ဒုက္ကရစရိယာကျင့်တော်မူခြင်း၊ ဗောဓိပလ္လင်၌ မာရ်ငါးပါးကို အောင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်ကို ရတော်မူခြင်း၊ ဓမ္မစကြာတရားကို ဟောတော်မူခြင်းတို့ကိုရင်း။

မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်အားဖြင့် လောကုတ္တရာ တရား ကိုးပါးတို့ကိုရင်း။

ဤအလုံးစုံသော ဘုရားဂုဏ်ကျေးဇူးတော်တို့ကို အောက်မေ့ ဆင်ခြင်ပြီးလျှင် ဝေသာလီပြည် မြို့ရိုးသုံးထပ်တို့၏ အကြား၌ ညဉ့်သုံးယာမ်ပတ်လုံး ပရိတ်အရံအတားကိုပြုတော်မူသော အရှင် အာနန္ဒာ မထေရ်ကဲ့သို့ သနားခြင်း ကရုဏာရှိသော စိတ်ကို ကိုယ်စီ ကိုယ်ငှ ထားကြကုန်လျက်။

၂။ ကောဋိ သတသဟဿေသု၊
စက္ကဝါဠေသု ဒေဝတာ။
ယဿာဏံ ပဋိဂဏှန္တိ၊
ယဉ္စ ဝေသာလိယာ ပုရေ။

၃။ ရောဂါ မနုဿာ ဒုဗ္ဘိက္ခ၊
သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ မန္တရဓာပေသိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

စကြာဝဠာကုဋေဘသိန်း၌ နေထိုင်ကြကုန်သော နတ်အများတို့သည် ရတနသုတ် ပရိတ်တရားတော်၏ တန်ခိုးအာဏာစက်ကို နှစ်သက်ကြည်ဖြူ ခံယူကြလေကုန်၏၊ ဤရတနသုတ် ပရိတ်တော်သည်သာလျှင် ဝေသာလီပြည်၌ ငတ်မွတ်ခေါင်းပါးခြင်းဘေး အနာရောဂါဘေး ဘီလူးဘေး ဤဘေးကြီးသုံးပါးတို့ကို လျင်မြန်စွာ ကွယ်ပျောက် ငြိမ်းအေး စေတော်မူ၏။ အို- သူတော်ကောင်း အပေါင်းတို့ ...ထိုရတနသုတ် ပရိတ်တော်ကို ငါတို့ရွတ်ဘတ်ကြကုန်စို့။

၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိဝါ ယာနိဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

ဤပရိတ်တော် ရွတ်ဘတ်ရာ အရပ်သို့ မြေ၌ တည်နေကြကုန်သော ဘုမ္မစိုး, ရုက္ခစိုး, စတုမဟာရာဇ်, တာဝတိံသာနတ်တို့သည်၎င်း၊ ကောင်းကင်၌ တည်နေကြကုန်သော ယာမာ အစ အကနိဋ္ဌ အဆုံး တိုင်အောင်သော နတ်တို့သည်၎င်း၊ ညီညာဖြဖြ စည်းဝေးလာရောက်ကြကုန်၏၊ ထိုအလုံးစုံသောနတ်တို့သည် ဝမ်းမြောက်သော စိတ်နှလုံး ရှိကြပါစေကုန်သတည်း၊ အထူးအားဖြင့် မြတ်စွာဘုရား ဟောကြားတော် မူအပ်သော ပရိတ်တရားတော်မြတ်ကို ရိုသေစွာ နာယူကြ ပါစေကုန်သတည်း။

၅။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

အို - နတ်အများတို့ .... အလုံးစုံသော သင်နတ်မင်းတို့သည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပရိတ်တရားတော်ကို ရိုသေစွာ မှတ်သားကြပါကုန်လော့၊ မြင့်မြတ်သော လူမျိုး၌ ဖြစ်သော လူသတ္တဝါ အများအား မေတ္တာရေချမ်း သွန်းဖျန်းကြပါကုန်လော့၊ အကြင်လူတို့သည် သင်နတ်မင်းတို့ကိုရည်မှတ်၍ နေ့၌ရင်း, ညဉ့်၌ရင်း*ဗလိနတ်စာ ပူဇော်သကာကို တင်မြှောက်ကြကုန်၏၊ ထိုသို့ တင်မြှောက်ကြကုန်သောကြောင့် သင်နတ်မင်းတို့သည် ထိုလူတို့ကို မမေ့မလျော့ စောင့်ရှောက်တော် မူကြပါကုန်လော့။

၆။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဤလူ့ပြည်၌ရင်း၊ နဂါးပြည် ဂဠုန်ပြည် အစရှိသည်၌ရင်း၊ နတ်ပြည်တို့၌ရင်း နှစ်သက်မြတ်နိုးအပ်သော အလုံးစုံသောရတနာသည် ရှိ၏၊ ထိုရတနာတို့တွင် မြတ်စွာဘုရားနှင့် တူမျှသော

အမှာ။ *နတ်များကို မေတ္တာပို့ခြင်း,အမျှပေးဝေခြင်းတို့ကိုလည်း ဗလိ (ပူဇော်ခြင်း) ဟူ၍ပင် ခေါ်ရပါသည်။

ရတနာသည် မရှိ၊ ဤ မြတ်စွာဘုရားသည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏၊ ဤသို့ မှန်စွာဆိုရသော သစ္စာစကားကြောင့် *သတ္တဝါတို့အား ဘေးရန် ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၇။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိဟောတု။

သာကီဝင်မင်းတို့၏ အထွဋ်အထိပ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် တည်ကြည်သော စိတ်နှလုံး ရှိတော်မူ၏၊ ကိလေသာတရားတို့၏ကုန်ရာ ရာဂတရားတို့၏ ကင်းပြတ်ရာ သေခြင်းလည်း မရှိရာဖြစ်သော မြတ်သောနိဗ္ဗာန်ကို သိမြင်တော်မူ၏၊ ထိုနိဗ္ဗာန်နှင့် တူမျှသော တစုံတခုသော တရားသည်မရှိ၊ ဤနိဗ္ဗာန်တရားသည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏၊ ဤသို့မှန်စွာဆိုရသော သစ္စာစကားကြောင့်*သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

---

* ခရားပွင့်ပြသော ပုဒ်တိုင်းပုဒ်တိုင်း၌ "သင်၊အကျွန်ုပ်၊ထိုသူ၊" အစရှိသည်ဖြင့် မိမိ အလိုရှိသလို လဲလှယ်ထည့်သွင်း၍လည်း ရွတ်ဘတ်နိုင်ပါသည်။

၈။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိကညမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

မြတ်စွာဘုရားသည် အရဟတ္တမဂ်နှင့် ယှဉ်သော သမာဓိကို ကိလေသာမှ စင်ကြယ်၏ဟူ၍ ချီးမွမ်းတော်မူ၏၊ မိမိအခြားမဲ့၌ အကျိုးကိုပေးတတ်၏ဟူ၍လည်း ဟောတော်မူ၏၊ ထိုအရဟတ္တမဂ် သမာဓိနှင့် တူမျှသော သမာဓိသည်မရှိ၊ ဤ အရဟတ္တမဂ် သမာဓိ တရားသည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏၊ ဤသို့မှန်စွာ ဆိုသော သစ္စာစကားကြောင့် *သတ္တဝါတို့အားဘေးရန်ပျောက် ကင်း ချမ်းသာ အေးမြခြင်း ဖြစ်ပါစေသတည်း။

၉။ ယေ ပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့သည် အစုံအားဖြင့်လေးပါးသော အစုံတို့ဖြစ်ကြကုန်၏၊ ထိုအရိယာ ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား တပည့်သားသာဝက ဖြစ်တော်မူကုန်၏၊ မြတ်သောအလှူကိုခံထိုက်

တော်မူကုန်၏၊ ထိုအရိယာ ပုဂ္ဂိုလ်တို့၌ ပေးလှူအပ်သော အလှူဒါနတို့သည် များမြတ်သော အကျိုးရှိကုန်၏၊ ဤအရိယာ သံဃာတော် မြတ်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏၊ ဤသို့မှန်စွာဆိုသော သစ္စာစကားကြောင့် *သတ္တဝါတို့အား ဘေးရန်ပျောက်ကင်းချမ်းသာ အေးမြခြင်း ဖြစ်ပါစေသတည်း။

၁၀။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဂေါတမ မြတ်စွာဘုရား သာသနာတော်၌ အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့သည် မြဲမြံခိုင်ခန့်သော စိတ်ဖြင့်အားထုတ်ကြကုန်သောကြောင့် အလုံးစုံသောကိလေသာတို့မှထွက်မြောက်တော်မူကုန်၏၊ ထိုရဟန္တာ ပုဂ္ဂိုလ်တို့သည် ရပြီးသော အရဟတ္တဖိုလ်ကို တဖန်ဝင်စားသောအားဖြင့် ရကြပြန်ကုန်၍ အနည်းငယ်မျှမပျက်မစီး ရကြကုန်သည်လည်းဖြစ်၍ သေခြင်းကင်းသော နိဗ္ဗာန်ကို အာရုံပြုလျက် အရဟတ္တဖိုလ် သမာပတ် ချမ်းသာကို ခံစားတော်မူကြကုန်၏၊ ဤရဟန္တာ သံဃာတော် မြတ်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏၊ ဤသို့မှန်စွာဆိုသော သစ္စာစကားကြောင့် *သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၁။ ယထာပိ ဣန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

သောတာပန် ပုဂ္ဂိုလ်သည် အရိယသစ္စာလေးပါး တရားတို့ကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် သက်ဝင်၍မြင်၏၊ မြေ၌မြဲမြံစွာ စိုက်ထားအပ်သော တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာမှ လာသော လေမုန်တိုင်းတို့ကြောင့် မတုန်မလှုပ်သကဲ့သို့ သူတော်ကောင်းဖြစ်သော ဤသောတာပန် ပုဂ္ဂိုလ်ကို တိတ္ထိဝါဒ စည်းဟူသော လေတို့ကြောင့် ဖေါက်ပြန်လှုပ်ရှားခြင်းမရှိ၊ ထိုတံခါးတိုင်ကြီးနှင့် တူ၏ဟူ၍ ငါအာနန္ဒာမထေရ်ဆို၏၊ ဤသောတာပန် သံဃာတော်မြတ်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏၊ ဤသို့မှန်စွာ ဆိုသော သစ္စာစကားကြောင့်*သတ္တဝါတို့အားဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၂။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

နက်နဲသော ပညာရှိတော်မူသော မြတ်စွာဘုရား၏ကောင်းစွာ ဟောကြားအပ်သော သစ္စာလေးပါးတရားတို့ကို သောတာပန် ပုဂ္ဂိုလ်တို့သည် ထင်ရှားစွာ သိတော်မူကုန်၏၊ ထိုသောတာပန် ပုဂ္ဂိုလ်တို့သည် လူနတ်အာရုံ ကာမဂုဏ်တို့၌ ခုံမင်ပျော်ပါး တရား ဘာဝနာကို အလွန် မေ့လျော့ငြား ကုန်သော်လည်း ရှစ်ကြိမ် မြောက်သောဘဝကို မယူကြကုန်၊ ဤသောတာပန် သံဃာတော် မြတ်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်း မြတ်သော ရတနာကြီးဖြစ်တော်မူ၏၊ ဤသို့မှန်စွာဆိုသောသစ္စာ စကားကြောင့် * သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာ အေးမြခြင်းဖြစ်ပါစေသတည်း။

၁၃။ သဟာ ဝဿ ဒဿန သမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံဝါပိ ယဒတ္ထိ ကိဉ္စိ။

သောတာပန် ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံ သည်နှင့်တပြိုင်နက်လျှင် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ငါ့,ငါ၏ ဉစ္စာဟု ယူမှားသော သက္ကာယဒိဋ္ဌိတရားကိုငင်း၊ ဘုရား တရား သံဃာ ကျင့်သိက္ခာနှင့် သံသရာရှေ့အစွန်း နောက်အစွန်းနှင့် စွန်းနှစ်ဖြာဘာရပ် ပဋိစ္စသမုပ္ပါဒ်တရား ဤရှစ်ပါးတို့၌ယုံမှားသော ဝိစိကိစ္ဆာတရားကိုငင်း၊ နွား ခွေးစသော သတ္တဝါတို့၏ အလေ့ အကျင့်ဖြင့် သံသရာမှ ထွက်မြောက်၏ဟု ယူမှားသော သီလဗ္ဗတ ပရာမာသ တရားကိုငင်း၊ ဤသုံးပါးသောတရားတို့ကိုပယ်စွန့်တော် မူ၏။

၁၄။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗကာတုံ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။

ထိုသောတာပန် ပုဂ္ဂိုလ်သည် အနည်းငယ်မျှသောကိလေသာ ဝဋ္ဋတရား ရှိသေးသော်ငြားလည်း ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဟူသော အပါယ်လေးဘုံတို့မှ ကင်းလွတ်တော်မူလေပြီ အနန္တရိယ ကံကြီးငါးပါးတိတ္ထိတို့ကိုဆရာဟူ၍ညွှန်ပြမှု၍ခြောက်ပါးသော ရှုန့်ရင်းကြမ်းတမ်းမှုတို့ကိုလည်း ချွတ်ချော် မှားယွင်း ပြုလုပ်ခြင်းငှါမထိုက်၊ ဤသောတာပန် သံဃာတော်မြတ်သည် သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏၊ ဤသို့မှန်စွာဆိုရသော သစ္စာစကားကြောင့်*သတ္တဝါတို့အား ဘေးရန် ပျောက်ကင်းချမ်းသာအေးမြခြင်းဖြစ်ပါစေသတည်း။

၁၅။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌ ပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

သောတာပန် ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ယုတ်မာသော မကောင်းမှုကို အကယ်၍ ပြုမိစေကာမူ ထိုပြုပြီးသော မကောင်းမှုကို သို့ဝှက်ဖုံးလွှမ်းခြင်းငှါ မထိုက်၊

နိဗ္ဗာန်ကို မဂ်ဖြင့်မြင်ပြီးသော သောတာပန်ပုဂ္ဂိုလ်အား မိမိပြုလုပ်မိသည့် မကောင်းမှုကို သိုဝှက် ဖုံးလွှမ်းခြင်းငှါ မထိုက်သော အဖြစ်ကို မြတ်စွာဘုရားဟောကြားတော်မူ၏၊ ဤသောတာပန် သံဃာတော်မြတ်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏၊ ဤသို့မှန်စွာ ဆိုရသော သစ္စာစကားကြောင့် *သတ္တဝါတို့အား ဘေးရန် ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၆။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိ တဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူ ပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

နွေလေးလတို့တွင် ရှေးဦးစွာ နွေလဖြစ်သော တန်ခူးလ၌ ဖူးပွင့်စည်ကားဝင်လုံးကျွတ်ပွင့်သော အဖျားရှိသော တောအုပ်ကြီးသည် ရှန်းရှန်းအိအိ အသရေရှိသကဲ့သို့ ထိုတောအုပ်ကြီး သဖွယ် တင့်တယ်လှသော နိဗ္ဗာန်ရောက်ကြောင်း ပရိယတ္တိ တရားတော် မြတ်ကို လောကုတ္တရာ စီးပွားအလို့ငှါ မြတ်စွာဘုရား ဟော ကြား တော် မူလေပြီ၊ ဤ မြတ်စွာဘုရား သည်သာလျှင် လောကီရတနာအဖြာဖြာတို့ထက် ကောင်းမြတ်သောရတနာကြီး ဖြစ်တော်မူ၏၊ ဤသို့မှန်စွာ ဆိုရသော သစ္စာစကားကြောင့် *သတ္တဝါတို့အား ဘေးရန် ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၇။ ဝရော ဝရညူ ဝရဒေါ ဝရာ ဟရော၊
အနုတ္တရော ဓမ္မ ဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

စကြဝဠာတိုက်တိုင်း စံနိုင်းမည့်သူ မလူမထား ငါတို့ဆရာ မြတ်စွာဘုရားသည်သဗ္ဗညုတဉာဏ်တော်ကိုရသဖြင့်ထူးမြတ်တော်မူ၏၊ မြတ်သော နိဗ္ဗာန်ကို သိမြင်တော်မူ၏၊ မြတ်သောနိဗ္ဗာန်ကို ပေးဝေတော်မူ၏၊ မြတ်သောအကျိုးစီးပွားကို ဆောင်တော်မူ၏၊ မြတ်သော လောကုတ္တရာ ကိုးပါးကို ဟောကြားတော်မူ၏၊ ဤငါတို့ဆရာ မြတ်စွာဘုရားသည်သာလျှင် လောကီ ရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏၊ ဤသို့ မှန်စွာဆိုအပ်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၈။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရုဠှိ ဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ရဟန္တာပုဂ္ဂိုလ်တို့အား ဘဝသံသရာက ပြုခဲ့သမျှသောကုသိုလ် အကုသိုလ်ကံဟောင်းသည် ကုန်ဆုံးတော်မူလေပြီ၊ အသစ်ဘဝဖန် ဖြစ်ပြန်သော ကုသိုလ် အကုသိုလ်ကံလည်း မရှိ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် လာလတံ့သောဘဝ၌ တပ်ခြင်း ကင်းသောစိတ်ရှိတော်

မူကုန်၏၊ ပဋိသန္ဓေမျိုးစေ့လည်းကုန်ခန်းတော်မူကုန်၏၊ ဘဝသစ်၌ မဖြစ်ပြန်လိုသော ဆန္ဒလည်း ရှိတော်မူကြကုန်၏၊ သမာဓိရင့်သန် ပညာဉာဏ်လည်း ရှိတော်မူကြကုန်၏၊ ထိုရဟန္တာ ပုဂ္ဂိုလ်တို့သည် ဤဆီမီး ငြိမ်းသေလေသကဲ့သို့ ခန္ဓာလက်စ ကုန်ဆုံးကြသဖြင့် အငြိမ်းကြီး ငြိမ်းတော်မူကြလေကုန်၏၊ ဤရဟန္တာသံဃာတော် မြတ်သည်သာလျှင် လောကီရဟန်းအဖြာဖြာတို့ထက် ကောင်း မြတ်သော ရတနာကြီးဖြစ်တော်မူ၏၊ ဤသို့မှန်စွာ ဆိုရသော သစ္စာစကားကြောင့် *သတ္တဝါတို့အား ဘေးရန် ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၁၆။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝ မနုဿ ပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

ဤပရိတ်တော် ရွတ်ဘတ်ရာအရပ်သို့ မြေ၌အုပ်စိုး တည်နေကြ ကုန်သော ဘုမ္မစိုး၊ ရုက္ခစိုး၊ စာတုမဟာရာဇ် တာဝတိံသာနတ်တို့ သည်ရင်း၊ ကောင်းကင်၌ အုပ်စိုး တည်နေ ကြကုန်သော ယာမာအစ အကနိဋ္ဌ အဆုံးတိုင်အောင်သော နတ်တို့သည်ရင်း ညီညာဖြိုဖြို စည်းဝေးရောက်လာကြကုန်၏၊ ထိုသို့ လာရောက်ကြ ကုန်သော ငါတို့နတ်အပေါင်းသည် ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူခြင်းကြောင့် နတ်လူတို့သည် ပူဇော်အပ်သော မြတ်စွာဘုရားကို ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကြပါကုန်၏၊ ထိုသို့ရှိခိုးရသော အာနုဘော်ကြောင့် *သတ္တဝါတို့အား ဘေး ရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၂၀။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝ မနုဿ ပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

ဤပရိတ်တော်၊ ရှာဘတ်ရာအရပ်သို့ မြေ၌အုပ်စိုးတည်နေကြကုန်သော ဘုမ္မစိုး, ရုက္ခစိုး, စတုမဟာရာဇ်, တာဝတိံသာနတ်တို့သည်၎င်း၊ ကောင်းကင်၌ အုပ်စိုးတည် နေကြ ကုန်သော ယာမာအစ အကနိဋ္ဌ အဆုံးတိုင်အောင်သော နတ်တို့သည်၎င်း၊ ညီညာဖြိုဖြို စည်းဝေးလာရောက်ကြကုန်၏၊ ထိုသို့ လာရောက်ကြကုန်သော ငါတို့နတ်အပေါင်းသည် ကိလေသာကို ပယ်ခွါသော အခြင်းအရာ ရှိသောကြောင့် နတ်လူတို့သည် ပူဇော်အပ်သော တရားတော်မြတ်ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကြပါကုန်၏၊ ထိုသို့ရှိခိုးရသော အာနုဘော်ကြောင့်*သတ္တဝါတို့အား ဘေးရန် ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၂၁။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝ မနုဿ ပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ရတန သုတ္တံ နိဋ္ဌိတံ။

ဤပရိတ်တော် ရှာဘတ်ရာအရပ်သို့ မြေ၌အုပ်စိုး တည်နေကြကုန်သော ဘုမ္မစိုး, ရုက္ခစိုး, စတုမဟာရာဇ် တာဝတိံသာနတ်

တို့သည်၎င်း။ ကောင်းကင်၌ အုပ်စိုး တည်နေကြကုန်သော ယာမာအစ အကနိဋ္ဌ အဆုံးတိုင်အောင်သော နတ်တို့သည်၎င်း ညီညာဖြဖြ စည်းဝေးလာရောက်ကြကုန်၍၊ ထိုသို့လာရောက်ကြကုန်သော ငါတို့နတ်အပေါင်းသည် မိမိအကျိုး ပွားတိုးစိမ့်ငှါ ကောင်းစွာကျင့်တော်မူသောကြောင့် နတ်လူတို့သည် ပူဇော်အပ်သော အရိယာ သံဃာတော်မြတ်ကို ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကြပါကုန်၏၊ ယို့သို့ရှိခိုးရသောအာနုဘော်ကြောင့် *သတ္တဝါတို့အား ဘေးရန်ပျောက်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

ရတနသုတ် မြန်မာပြန် ပြီး၏။

## ၃-မေတ္တသုတ် မြန်မာပြန်

၁။ ယဿာ နုဘာဝတော ယက္ခာ၊
နေဝ ဒဿေန္တိ ဘီသနံ။
ယမှိ စေဝါ နုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝ မ တန္ဒိတော။

မေတ္တာသုတ် ပရိတ်တော်၏ တန်ခိုးရှိန်စော်အာနုဘော်ကြောင့် ဘီလူးကြမ်းတို့သည် ကြောက်မက်ဘွယ်သော အဆင်း အသံအစ ရှိသော အာရုံတို့ကို မပြဝံ့ မချောက်ဝံ့ကြလေကုန်၊ မေတ္တာသုတ် ပရိတ်တော်ကို ညဉ့်အခါဒင်း နေ့အခါဒင်း မပျင်းမရိလုံ့လ ပြု၍ ရွတ်ဘတ်သောသူသည် -

၂။ သုခံ သုပတိ သုတ္တော စ၊
ပါပံ ကိဉ္စိ နပဿတိ။
ဧဝမာဒိ ဂုဏူပေတံ၊
ပရိတ္တံ တံ ဘဏာမဟေ။

ချမ်းသာစွာ အိပ်ရ၏၊ အိပ်သော်လည်း မကောင်းသော အိပ်မက်ကို တစိုးတစိမျှ မမြင်မက်၊ ဤသို့အစရှိသော ဂုဏ် ကျေးဇူးအပေါင်းနှင့် ပြည့်စုံသော မေတ္တာသုတ် ပရိတ်တော်ကို အို-သူတော်ကောင်း အပေါင်းတို့....ငါတို့ ရွတ်ဘတ်ကြကုန်စို့။

၃၊ ကရဏီယ မတ္ထ ကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

လောကီ လောကုတ္တရာ အကျိုးစီးပွါး၌ လိမ္မာသောသူသည် ငြိမ်သက် အေးချမ်းသော နိဗ္ဗာန်ကို အာရုံပြု၍ ဤဆိုလတ္တံ့သော

သူတော်ကောင်းနည်းလမ်းကို ကျင့်ကြံအားထုတ် ပြုလုပ်အပ်၏၊ ကိုယ်နှင့်အသက်တို့ကို မငဲ့ကွက် မညှာတာ ပြုလုပ်ခြင်းငှါ စွမ်းနိုင်ရာ၏၊ ကိုယ်နှုတ်နှစ်ပါး ရိုးသား ဖြောင့်မတ်ရာ၏၊ စိတ်သဘောထား ကောင်းစွာ ဖြောင့်မတ်ရာ၏၊ ဆိုဆုံးမလွယ်ရာ၏၊ နူးညံ့သိမ်မွေ့ရာ၏၊ သူတပါးအပေါ် မော်ကြွား ထောင်လွှားသော မာန်မာန မရှိရာ။

၄။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။

ရောင့်ရဲလွယ်ရာ၏၊ မွေးမြူလွယ်ရာ၏၊ နည်းပါးသော အမှုကိစ္စရှိရာ၏၊ ပေါ့ပါးသော အသက်မွေးခြင်း ရှိရာ၏၊ ငြိမ်သက်သော ဣန္ဒြေရှိရာ၏၊ အရာရာ၌ ခွဲခြမ်း စိတ်ဖြာ ရင့်သော ဥာဏ်ပညာရှိရာ၏၊ ကိုယ်နှုတ်နှစ်လုံး သုံးပါးလုံး ရုန့်ရင်း ကြမ်းတမ်းမှုမရှိရာ၊ ဒါယကာတို့၌ တွယ်တာ မက်မောမှု မရှိရာ။

၅။ နစ ခုဒ္ဒ မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

ပညာရှိတို့ ကဲ့ရဲ့ ရှုတ်ချအပ်သော တစုံတခုသော မကောင်းမှုကို အနည်းငယ်မျှသော်လည်း မပြုမလုပ်ရာ၊ ခပ်သိမ်းသော သတ္တဝါတို့သည် ကိုယ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြ ပါစေကုန်သတည်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြ ပါစေကုန်သတည်း၊ ဘေးရန် ဥပဒ္ဒဝေါ မရှိကြ ပါစေကုန်သတည်း။

၆။ ယေကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝနဝသေသာ။
ဒီဃာ ဝါ ယေဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၇။ ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ၊
ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

အကြွင်းမရှိ အလုံးစုံ ထွက်သက် ဝင်သက်ရှိသော သတ္တဝါ ထင်ရှားရှိသော သတ္တဝါ၊ ထိတ်လန့်တတ်သော သတ္တဝါ၊ တည်ကြည်ငြိမ်သက်သော သတ္တဝါ၊ ရှည်သော သတ္တဝါ၊ တိုသော (ပုကွသော) သတ္တဝါ၊ မတိုမရှည်သော သတ္တဝါ၊ ကြီးသော သတ္တဝါ၊ ငယ်သော သတ္တဝါ၊ မကြီးမငယ်သော သတ္တဝါ၊ ဆူသော သတ္တဝါ၊ ကြုံသော သတ္တဝါ မဆူမကြုံသော သတ္တဝါ။

မျက်စိဖြင့် မြင်ကောင်းသော သတ္တဝါ၊ မျက်စိဖြင့် မမြင်ကောင်းသော သတ္တဝါ၊ အဝေး၌နေသော သတ္တဝါ အနီး၌နေသော သတ္တဝါ၊ ထင်ရှားဖြစ်ပေါ်ပြီးသော သတ္တဝါ၊ ဖြစ်ဆဲဘည်နေသော သတ္တဝါ၊ ဤအလုံးစုံသော သတ္တဝါတို့သည်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြပါစေကုန်သတည်း။

၈။ နပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခ မိစ္ဆေယျ။

တယောက်သောသူက တယောက်သောသူကို အမျက် မထွက်ပါစေလင့်၊ တစုံတခုသော အမှုကိစ္စ၌ တယောက်သောသူက တယောက်သောသူကို ညှဉ်းဆဲ ချုပ်ချယ်သော ကာယကံ ဝစီကံ ဖြင့်၎င်း၊ ခိုက်ရန်မျက်ပွား အငြိုးထားသော စိတ်ဖြင့်၎င်း၊ အနည်းငယ်မျှသော်မှ မထေမဲ့မြင် မအောက်မေ့ ပါစေလင့်၊ အချင်းချင်း၏ ဆင်းရဲဒုက္ခကို အလိုမရှိပါစေလင့်။

၉။ မာတာ ယထာ နိယံပုတ္တံ၊
မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

အမိသည် မိမိ၌ရင်သွေးဖြစ်သော တယောက်ထည်းသော သားငယ်ကို အသက်အတွက်ကြောင့် အဖန်တလဲလဲ စောင့်ရှောက်သကဲ့သို့ ဤနည်းအတူသာလျှင် ခပ်သိမ်းသော သတ္တဝါတို့၌ အတိုင်းအရှည် မရှိသော မေတ္တာစိတ်ကို ပွားစေရာ၏။

၁၀။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ မ သပတ္တံ။

ကာမဘဝတည်းဟူသော အောက်လောက၌၎င်း၊ ရူပဘဝတည်းဟူသော အလယ်လောက၌၎င်း၊ အရူပဘဝတည်းဟူသော အထက်လောက၌၎င်း၊ ဤလောကသုံးပါးတို့၌ ပိုင်းခြားလွတ်ကင်း ကျဉ်းမြောင်းခြင်းလည်းမရှိ, ကိုယ်တွင်းဘေးရန်လည်းမရှိ, အပဘေးရန်လည်းမရှိ, အတိုင်းမသိ ချစ်ခင်မြတ်နိုးသော မေတ္တာစိတ်ကိုလည်း ပွားစေရာ၏။

၁၁။ တိဋ္ဌံ စရံ နိသိန္နော ဝါ၊
သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မမေတံ ဝိဟာရ မိဓ မာဟု။

ရပ်နေစဉ်သော်၎င်း, သွားနေစဉ်သော်၎င်း, ထိုင်နေစဉ်သော်၎င်း, လျောင်းနေစဉ်သော်၎င်း, မအိပ်မငိုက်သမျှ ကာလပတ်လုံး မေတ္တာစိတ်နှင့်ယှဉ်သော သတိကို အမြဲဆောက်တည်ရာ၏၊ ဤသာသနာတော်ကြီး၌ မေတ္တာစိတ်နှင့်ယှဉ်၍ နေထိုင် ခြင်းကို "မြတ်သောနေခြင်း" (ဗြဟ္မာကြီးနှင့်တူသောနေခြင်း)ဟူ၍ မြတ်စွာ ဘုရားတို့ ဟောကြားတော်မူကုန်၏။

၁၂။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ ဂေဓံ၊
နဟိ ဇာတုဂ္ဂဗ္ဘ သေယျ ပုနရေတိ။

မေတ္တသုတ္တံ နိဋ္ဌိတံ။

မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ် ပြုလုပ်သောသူသည် အမြင်ဖေါက်ပြန် မိစ္ဆာဉာဏ်သို့ မကပ်မရောက် သောကြောင့် လောကုတ္တရာသီလ ရှိသည်ဖြစ်၍ မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံပြီးလျှင် ဝတ္ထုကာမ ကိလေသာကာမတို့၌ တပ်မက်မောခြင်းကင်းသောကြောင့် နောက်ထပ်တဖန် အမိဝမ်းတွင်း ပဋိသန္ဓေနေခြင်းသို့ ကေန်မရောက်တော့ပြီ။

**မေတ္တသုတ်မြန်မာပြန်ပြီး၏။**

## ၄-ခန္ဓပရိတ် မြန်မာပြန်

၁။ သဗ္ဗာ သီဝိသ ဇာတီနံ၊
ဒိဗ္ဗမန္တာ ဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊
သေသဉ္စာပိ ပရိဿယံ။

၂။ အာဏာ ခေတ္တမှိ သဗ္ဗတ္ထ၊
သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊
ပရိတ္တံ တံ ဘဏာမဟေ။

နတ်ဆေးဂါး နတ်မန္တရားသည် အလုံးစုံသော မြွေမျိုး လေးပါး တို့၏ လျှင်သော အဆိပ် ကြမ်းသော အဆိပ်ကို ပယ်ဖျောက် ငြိမ်းအေးစေသကဲ့သို့ ဤခန္ဓသုတ် ပရိတ်တော်သည် အာဏာခေတ်စကြဝဠာ ကုဋေတသိန်းလုံး၌ နေထိုင်ကြကုန်သော သတ္တဝါအနန္တတို့အား လျှင်သောအဆိပ် ကြမ်းသော အဆိပ်ကိုငင်း၊ ထိုမှတပါး သစ် ကျား အစရှိသော ဘေးရန်အပေါင်းကို ငင်း၊ အလုံးစုံသော အခြင်းအရာဖြင့် အခါခပ်သိမ်း ပယ်ဖျောက်တားမြစ်တော်မူနိုင်၏၊ အို-သူတော်ကောင်း အပေါင်းတို့....ထိုခန္ဓသုက် ပရိတ်တော်ကို ငါတို့ ရွတ်ဘတ်ကြကုန်စို့ ။

၃။ ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာ ဂေါတမကေဟိ စ။

ဝိရူပက္ခ နဂါးမင်းတို့နှင့်တကွအမျိုးအဆွေမြေတို့၌ ငါ၏ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း၊ ဧရာပထ နဂါးမင်း တို့နှင့်တကွ အမျိုးအဆွေ မြေတို့၌ ငါ၏ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း ဆဗျာပုတ္တ နဂါးမင်းတို့နှင့်တကွ အမျိုးအဆွေ မြေတို့၌ ငါ၏ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း၊ ကဏှာဂေါတမ နဂါးမင်းတို့နှင့်တကွ အမျိုးအဆွေ မြေတို့၌ငါ၏ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း။

၄။ အပါဒကေဟိ မေ မေတ္တံ၊
မေတ္တံ ဒွိပါဒကေဟိမေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊
မေတ္တံ ဗဟုပ္ပဒေဟိ မေ။

ခြေမရှိသော သတ္တဝါတို့၌ ငါ၏ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း၊ခြေနှစ်ချောင်းရှိသောသတ္တဝါတို့၌ ငါ၏ချစ်မြတ်နိုးခြင်းသည်ပျံ့နှံ့စေသတည်း၊ခြေလေးချောင်းရှိသောသတ္တဝါတို့၌ ငါ၏ချစ်မြတ်နိုးခြင်းသည် ပျံ့နှံ့စေသတည်း၊ များသော ခြေရှိသော သတ္တဝါတို့၌ ငါ၏ချစ်မြတ်နိုးခြင်းသည်ပျံ့နှံ့စေသတည်း။

၅။ မာမံ အပါဒကော ဟိံသိ၊
မာမံ ဟိံသိ ဒွိပါဒကော။
မာမံ စတုပ္ပဒေါ ဟိံသိ၊
မာမံ ဟိံသိ ဗဟုပ္ပဒေါ။

ခြေမရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲပါစေသတည်း၊ ခြေနှစ်ချောင်းရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲပါစေ သတည်း၊ ခြေလေးချောင်းရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲ

ပါစေသတည်း၊ များသောခြေရှိသော သတ္တဝါသည် ငါ့ကိုမညှဉ်းဆဲပါစေသတည်း။

၆။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာစ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာကိဉ္စိ ပါပ မာဂမာ။

ခပ်သိမ်းသောသတ္တဝါ အလုံးစုံ ထွက်သက်ဝင်သက် ရှိသော သတ္တဝါ အလုံးစုံ အတ္တဘော ထင်ရှားရှိသော သတ္တဝါ ဤ သတ္တဝါ အားလုံးတို့သည် ကောင်းမြတ်သော အာရုံတို့ကို တွေ့မြင်ကြပါစေကုန်သတည်း၊ မကောင်းသော အာရုံသည် ထို သတ္တဝါတို့၏ အထံသို့ မကပ်မရောက် ပါစေသတည်း။

၇။ အပ္ပမာဏော ဗုဒ္ဓေါ၊
အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊
ပမာဏဝန္တာနိ သရိသပါနိ၊
အဟိ ဝိစ္ဆိကာ သတပဒီ၊
ဥဏ္ဏနာဘိ သရဗူ မူသိကာ။

မြတ်စွာဘုရားသည် နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာမရှိ၊ တရားတော်သည် နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာမရှိ၊ သံဃာတော်သည် နှိုင်းယှဉ်ခြင်းကို ပြုတတ်သောကိလေသာမရှိ၊ ရင်ဖြင့်တွား၍ သွားတတ်ကုန်သော မြွေ, ကင်းမြီးကောက်, ကင်းခြေများ, ပင့်ကူ, တက်တူ, ကြွက်တို့သည် နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာရှိကုန်၏။

၈။ ဧတာဝ မေ ရက္ခာ ကတာ မေ ပရိတ္တ'ံ
ပဋိက္ကမန္တု ဘူတာနိ။
သော ဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။
ခန္ဓ ပရိတ္တံ နိဋ္ဌိတံ။

ငါသည် အစောင့်အရှောက်ကို ပြုလုပ်အပ်ပြီ၊ ငါသည် အရံအတားကို ပြုလုပ်အပ်ပြီ၊ အကျိုးမဲ့ကို အလိုရှိသော သတ္တဝါတို့သည် ဖဲသွားကြလေကုန်လော့၊ ငါသည် ရှေ့ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားအား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏၊ ဝိပဿီ အစရှိသော ခုနစ်ဆူကုန်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့အားလည်း ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏။

ခန္ဓပရိတ် မြန်မာပြန် ပြီး၏။

# ၅-မောရပရိတ်မြန်မာပြန်

၁။ ပုရေန္တံ ဗောဓိသမ္ဘာရေ၊
နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာ ရက္ခံ၊
မဟာသတ္တံ ဝနေစရာ။

၂။ စိရဿံ ဝါယမန္တာပိ၊
နေဝ သက္ခိံသု ဂဏှိတုံ။
ဗြဟ္မမန္တန္တိ အက္ခာတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်၏ ရင့်သန် ထောက်ကူ အဆောက်အဦ ပါရမီ သုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူသော ဘုရားအလောင်းတော်သည်ရွှေရောင် မြရောင် နီလာရောင်တို့ဖြင့် ပြောင်ပြောင် ယှက်သန်း အဆန်းတကြယ် တင့်တယ် လှပသော ဥဒေါင်းမျိုး၌ ဖြစ်တော်မူ၏။ နေ့ညမလပ် ရွတ်ဘတ်အပ်သော ပရိတ်တော် အရံအတားဖြင့် ကောင်းစွာစီရင် ထားအပ်သော အစောင့် အရှောက်လည်း ရှိတော်မူ၏၊ ထိုဘုရားအလောင်း ဥဒေါင်းမင်းကို မျိုးရိုးဆင်းသက် ခုနစ်ဆက်သော တောမုဆိုးတို့သည် နှစ်ပေါင်းခုနစ်ရာ ရှည်မြင့်ကြာအောင် အနည်းနည်းအဖုံဖုံ လုံ့လပြု၍ ဘမ်းယူကုန်သော်လည်း ပရိတ်တော်၏ တန်ခိုး တေဇော် အာနုဘော်ကြောင့် လက်ရပိုင်ပိုင် ဘမ်းယူခြင်းငှါ မတတ်နိုင်ကြလေကုန်၊ “မြတ်သောမန္တရား” ဟူ၍ ရှင်တော်ဘုရား ဟောကြားတော် မူအပ်သော ထိုဥဒေါင်းမင်း ပရိတ်တော်ကို အို-သူတော်ကောင်းအပေါင်းတို့....ငါတို့ ရွတ်ဘတ်ကြကုန်စို့။

၃။ ဉဒေတယံ စက္ခုမ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇဂုတ္တာ ဝိဟရေမု ဒိဝသံ။

အရှေ့လောကဓာတ်မှ တက်လတ်တော်မူသော ဤ အရှင်နေမင်းသည် အလုံးစုံသော ကြောင်မြသ္ဍ နေကုန်သော သူတို့အား မျက်စိအမြင်ကို ပေးတော်မူတတ်၏၊ အပြိုင်မရှိ တဦးထည်းသော မင်းလည်း ဖြစ်တော်မူ၏၊ ရွှေအဆင်းနှင့်တူသော အဆင်းလည်း ရှိတော်မူ၏၊ မြေပြင်၌ထွန်းလင်းသော အရောင်လည်း ရှိတော်မူ၏၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိ၍ မြေပြင်၌ ထွန်းလင်းသော အရောင် ရှိတော်မူသောထိုအရှင် နေမင်းကို အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးပါ၏၊ အရှင်နေမင်း၏ ကာကွယ် စောင့်ရှောက်ခြင်းဖြင့် ဤတနေ့ပတ်လုံး ချမ်းချမ်း သာသာ အကျွန်ုပ်တို့ နေရပါလိုကုန်၏။

၄။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေစ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော စရတိ ဧသနာ။

မကောင်းမှုကို အပပြုတော်မူကုန်ပြီးသော မြတ်စွာဘုရားတို့သည် အလုံးစုံသောတရားတို့ကို ထိုးထွင်း၍ သိမြင်တော်မူကုန်၏၊ ထိုမြတ်စွာဘုရားတို့သည် အကျွန်ုပ်၏ရှိခိုးခြင်းကို ခံယူ

တော်မူကြပါစေကုန်သတည်း၊ ထိုမြတ်စွာသုရား တို့သည်လည်း အကျွန်ုပ်ကိုစောင့်ရှောက်တော်မူကြပါကုန်လော့၊သစ္စာလေးပါး တရားတို့ကို သိတော်မူကုန်ပြီးသောပုဂ္ဂိုလ်တို့အားလည်းအကျွန်ုပ် သည် ရိုသေမြတ်နိုး ရှိခိုးခြင်းကိုပြုပါ၏၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်အားလည်း အကျွန်ုပ်သည် ရိုသေမြတ်နိုးရှိခိုးခြင်း ကို ပြုပါ၏၊ ကိလေသာမှ လွတ်တော်မူကုန်ပြီးသော ပုဂ္ဂိုလ်တို့ အားလည်း အကျွန်ုပ်သည် ရိုသေမြတ်နိုး ရှိခိုးခြင်းကို ပြုပါ၏၊ အရဟတ္တဖိုလ်အားလည်း အကျွန်ုပ်သည် ရိုသေမြတ်နိုး ရှိခိုးခြင်း ကို ပြုပါ၏၊ ဤသို့လျှင် ဘုရားအလောင်း ဥဒေါင်းမင်းသည် ဤ အရံအတားကိုပြု၍ အစာရှာအံ့သောငှါ ထွက်သွားတော်မူ၏။

၅။ အပေတ ယံ စက္ခုမ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟာရေမု ရတ္တိံ။

အနောက်လောကဓာတ်သို့ ဝင်လတ်တော်မူသော ဤအရှင် နေမင်းသည် အလုံးစုံသော စကြဝဠာ၌ နေကုန်သော သူတို့အား မျက်စိအမြင်ကို ပေးတော်မူတတ်၏၊ ဒုတိယမရှိ တဦးတည်းသော မင်းလည်းဖြစ်တော်မူ၏၊ ရွှေအဆင်းနှင့်တူသော အဆင်းလည်း ရှိတော်မူ၏၊ မြေပြင်၌ထွန်းလင်းသော အရောင်လည်းရှိတော်မူ၏၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိ၍ မြေပြင်၌ ထွန်းလင်းသော အရောင်ရှိတော်မူသော ထိုအရှင်နေမင်းကို အကျွန်ုပ်သည် ရိုသေ မြတ်နိုး ရှိခိုးပါ၏၊ အရှင်နေမင်း၏ ကာကွယ်စောင့်ရှောက်ခြင်း ဖြင့် ဤတညဉ့်ပတ်လုံး ချမ်းချမ်းသာသာ အကျွန်ုပ်တို့ နေရပါလို ကုန်၏။

၆။ "ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေစ မံ ပါလယန္တု၊
နမတ္ထု ဗုဒ္ဓါန နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာန နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော ဝါသ မကပ္ပယိ"

မောရပရိတ္တံ နိဋ္ဌိတံ။

မကောင်းမှုကို အပပြုတော်မူကုန်ပြီးသော မြတ်စွာဘုရား တို့သည် အလုံးစုံသော တရားတို့ကို ထိုးထွင်း၍ သိမြင်တော်မူကုန်၏၊ ထိုမြတ်စွာဘုရားတို့သည် အကျွန်ုပ်၏ရှိခိုးခြင်းကို ခံယူတော်မူကြပါစေကုန်သတည်း၊ ထိုမြတ်စွာဘုရား တို့သည်လည်း အကျွန်ုပ်ကို စောင့်ရှောက်တော်မူကြပါကုန်လော့၊သစ္စာလေးပါး တရားတို့ကို သိတော်မူကုန်သောပုဂ္ဂိုလ်တို့အားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးခြင်းကို ပြုပါ၏၊ အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်အားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးခြင်းကို ပြုပါ၏၊ ကိလေသာမှ လွတ်တော်မူကုန်ပြီးသော ပုဂ္ဂိုလ်တို့အားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးခြင်းကို ပြုပါ၏၊ အရဟတ္တဖိုလ်အားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးခြင်းကို ပြုပါ၏၊ ဤသို့လျှင် ဘုရားအလောင်း ဥဒေါင်းမင်းသည် ဤအရံအတားကိုပြု၍ ညဉ့်၌နေတော်မူ၏။

**မောရပရိတ် မြန်မာပြန် ပြီး၏။**

# ၆-ဝဋ္ဋ ပရိတ် မြန်မာပြန်

၁။ ပူရေန္တံ ဗောဓိသမ္ဘာရေ။
နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ၊
ယဿ တေဇေန ဒါဝဂ္ဂိ၊
မဟာသတ္တံ ဝိဝဇ္ဇယိ။

အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်၏ ရင့်သန်ထောက်ကူ အဆောက်အဦ ပါရမီ သုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူသော ဘုရားအလောင်းတော်သည် ဖြစ်သမ္ဘဝ အသွယ်သွယ်တွင် အငယ်ဆုံး ဖြစ်သော ငုံးငှက်မျိုး၌ ဖြစ်တော်မူ၏၊ ထိုဘုရား အလောင်းငုံးမင်းကို အခိုးအလျှံကြီးမားစွာဖြင့် တောက်လောင် လာသော တောမီးသည် သစ္စာပန္နက် ထက်မြက်အကျော် ပရိတ် တော်၏ တန်ခိုးအာနုဘော်ကြောင့် ရှောင်လွှဲ ဖယ်ကြဉ်လေ၏။

၂။ ထေရဿ သာရိပုတ္တဿ၊
လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊
ပရိတ္တံ တံ ဘဏာမဟေ။

လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရား သည် ဤငုံးမင်းပရိတ်တော်ကိုအရှင်သာရိပုတြာမထေရ်မြတ်အား ဟောကြားတော်မူ၏၊ ငုံးမင်းစံရပ် မီးမဟပ်ဘဲ တကမ္ဘာလုံး တည်တော်မူ၏၊ ကြီးမြတ်သော တန်ခိုးအာနုဘော် ရှိတော်မူ၏၊ အို-သူတော် ကောင်းအပေါင်းတို့....ငုံးမင်းပရိတ်တော်ကို ငါတို့ ရွတ်ဘတ်ကြကုန်စို့။

၃။ အတ္ထိ လောကေ သီလဂုဏော၊
သစ္စံ သောစေယျ နုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊
သစ္စကိရိယ မနုတ္တရံ။

လောက၌ သီလဂုဏ်ကျေးဇူးသည်၎င်း၊ ရိုးသားဖြောင့်မှန်စွာ ပြောဆိုသော သစ္စာစကားသည်၎င်း၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံး စင်ကြယ်ခြင်းသည်၎င်း၊ သတ္တဝါတို့အားချစ်ခြင်းမေတ္တာသနားခြင်း ကရုဏာသည်၎င်း အထင်အရှားရှိ၏၊ ငါ၌လည်း ရိုးသားဖြောင့်မှန်စွာ ပြောဆိုသော သစ္စာစကားသည်ရှိ၏၊ ထိုသစ္စာစကားဖြင့် အတုမရှိသော သစ္စာပြုခြင်းကို ငါပြုအံ့။

၄။ အာဝဇ္ဇေတွာ ဓမ္မဗလံ။
သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ မဝဿာယ၊
သစ္စကိရိယ မကာသ ဟံ။

ဤသို့ ကြံစည်ပြီးလျှင် ရှေးရှေး၌ ပွင့်တော်မူကြကုန်ပြီးသော မြတ်စွာ ဘုရားတို့ကို အောင့်မေ့၍၎င်း၊ တရားတော်မြတ်၏ အစွမ်းအာနုဘော်ကို ဆင်ခြင်၍၎င်း၊သစ္စာတရား၏အစွမ်းသတ္တိကို အမှီပြုလျက် ငါဘုရားသည် သစ္စာပြုခဲ့ဘူးလေပြီ။

၅။ သန္တိ ပက္ခာ အပတနာ၊
သန္တိပါဒါ အဝဉ္စနာ။
မာတာ ပိတာစ နိက္ခန္တာ၊
ဇာတဝေဒ ပဋိက္ကမ။

အိုတောမီး...ငါ့အား အတောင်တို့သည် ရှိကုန်၏၊ မပျံနိုင်ကုန်။ ငါ့အား ခြေတို့သည် ရှိကုန်၏ မသွားကတ်ဘိ၊ ငါ၏အမိအဘတို့သည်လည်း ငါ့ကိုစွန့်၍ ထွက်ပြေး ကြလေကုန်ပြီ၊ အိုတောမီး.. ဤသို့ မှန်စွာဆိုသောသစ္စာ စကားကြောင့် ရှောင်လွှဲဖဲကြဉ်လေလော့။

၆။ သဟ သစ္စေ ကတေ မယှံ၊
မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသ ကရီသာနိ၊
ဥဒကံ ပတ္တာ ယထာ သိခီ၊
သစ္စေန မေ သမော နတ္ထိ၊
ဧသာ မေ သစ္စပါရမီ။
ဝဋ္ဋပရိတ္တံ နိဋ္ဌိတံ။

သာရိပုတ္တရာ....ငါငုံးမင်းသည် ဤသို့ သစ္စာပြုပြီး သည်နှင့်တပြိုင်နက် အခိုးအလျှံကြီးမားစွာဖြင့် တောက်လောင်လာသော တောမီးသည် တဆဲ့ခြောက်မင်းပယ်စား ပမာဏရှိသောအရပ်ကို ရှောင်လွှဲ ဖဲကြဉ်လေ၏၊ချောင်း, မြစ်,သမုဒ္ဒရာရေသို့ရောက်သော တောမီးပမာ ငြိမ်းသေလေ၏။ ငါဘုရား၏ သစ္စာစကားနှင့် တူမျှသော တရားသည်မရှိ၊ ဤ သစ္စာ စကားသည် ငါဘုရား၏ သစ္စာပါရမီတော် တရားပေတည်း။

**ဝဋ္ဋပရိတ် မြန်မာပြန်ပြီး၏။**

# ၇။ ဓဇဂ္ဂပရိတ် မြန်မာပြန်

၁။ ယဿာ နုဿရမာနာနံ၊
အန္တလိက္ခေပိ ပါဏိနော။

ပတိဋ္ဌ မဓိဂစ္ဆန္တိ၊
ဘူမိယံ ဝိယ သဗ္ဗထာ။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဤဓဇဂ်သုတ် ပရိတ်တော်ကို အောက်မေ့ မိရုံသော်မျှဖြင့် သတ္တဝါတို့သည်မိုးရာ မမြင် မိုးယံကောင်းကင်သို့ ပစ်တင်လွှင့်မြောက် ရောက်ရှိရငြား ကုန်သော်လည်း မဟာပထဝီမြေ၌ တည်နေကြရဘိ သကဲ့သို့ အလုံးစုံသော အခြင်းအရာဖြင့် ကြည်သာရွှင်ပျ ထောက်ရာတည် ရာကို ရကြကုန်၏။

၂။ သဗ္ဗု ပဒ္ဒဝ ဇာလမှာ၊
ယက္ခ စောရာဒိ သမ္ဘဝါ။

ဂဏနာ န စ မုတ္တာနံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

ဘီလူး ခိုးသူ အစရှိသောရန်သူတို့ကြောင့်ဖြစ်ပေါ်ကုန်သည့် အလုံးစုံသော ဘေးရန် ဥပဒ္ဒဝေါ တည်းဟူသောကွန်ရက်မှကင်း လွတ် ထွက်မြောက်ကြသော သူတို့ကိုမူ ဤရွေ့ ဤမျှ ဂဏန်းချ၍ မရေတွက်နိုင်ကြကုန်၊ ထိုကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံသော ဤဓဇဂ် သုတ် ပရိတ်တော်ကို အို-သူတော်ကောင်း အပေါင်းတို့....ငါတို့ ရွတ်ဘတ်ကြကုန်စို့။

၃။ ဧဝံ မေသုတံ၊
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

အရှင်ဘုရား မဟာကဿပ....

အကျွန်ုပ် အာနန္ဒာမထေရ်သည် ဤဓဇဂ်သုတ် အမိန့်တော်ကို ရှင်တော်ဘုရား မျက်မှောက်တော်မှ ဤသို့သော အခြင်းအရာဖြင့် သာလျှင် ကြားနာမှတ်ဆောင်ရပါ၏။

အခါတပါးမြတ်စွာဘုရားသည် သာဝတ္ထိမြို့အနီးအနာထပိဏ် သူဌေး ဆောက်လုပ် လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတိုက် ကြီး၌ သီတင်းသုံးနေတော်မူ၏။

၄။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခ
ဝေါတိ၊ ဘဒ္ဒန္တေတိ တေ ဘိက္ခူ ဘဂဝတော
ပစ္စဿောသုံ၊ ဘဂဝါ ဧတဒဝေါစ၊ ဘူတ ပုဗ္ဗံ
ဘိက္ခဝေ ဒေဝါ သုရသင်္ဂါမော သမုပဗျူဠှော
အဟောသိ၊ အထခေါ ဘိက္ခဝေ သက္ကော ဒေဝါန
မိန္ဒော ဒေဝေ တာဝတိံသေ အာမန္တေသိ၊ သစေ
မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ
မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေ
ယျာထ မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ
ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမ
ဟံသော ဝါ သော ပဟီယိဿတိ။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းအများတို့ကို ခေါ်တော်မူပြီးလျှင် ဤဆိုလတ္တံ့သော အကြောင်းအရာကို မိန့်ကြားတော်မူလေ၏။

ရဟန်းတို့....ရှေး၌ဖြစ်ဘူးသည်ကား တာဝတိံသာ နတ်နှင့် အသူရာနတ်တို့ အပြိုင်အဆိုင် စစ်ထိုး တိုက်ခိုက်ကြသောအခါ စတုမဟာရာဇ် တာဝတိံသာနတ်တို့ကို အစိုးရသော သိကြားမင်းသည် တာဝတိံသာနတ်တို့ကို ဤသို့မိန့်ဆို၏။

အချင်းနတ်သားတို့....စစ်မြေပြင်သို့ရောက်ကြကုန်သော သင်နတ်သားတို့အား ကြောက်လန့်ခြင်း ကိုယ်တုန်လှုပ်ခြင်းကြက်သီးမွေးညှင်း ထခြင်းသည် အကယ်၍ ဖြစ်ပေါ်ငြားအံ့ ထိုအခါ၌ ငါ၏ အောင်လံ တံခွန်ဖျားကို မော်ကြည့်ကြကုန်လော့၊ ငါ၏ အောင်လံ တံခွန်ဖျားကို မော်ကြည့်ကြကုန်သော သင်တို့အား ကြောက်လန့်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်းသည် ကင်းငြိမ်းကွယ်ပျောက်သတ္တံ့သတည်း။

၅။ နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ ပဇာပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံဝါ ဆမ္ဘိတတ္တံဝါ လောမဟံသောဝါ သော ပဟီယိဿတိ။

ငါ၏ အောင်လံ တံခွန်ဖျားကို အကယ်၍ မကြည့်မိကုန်အံ့၊ ပဇာပတိနတ်မင်း၏ အောင်လံ တံခွန်ဖျားကို မော်ကြည့်ကြကုန်လော့၊ ပဇာပတိနတ်မင်း၏ အောင်လံ တံခွန်ဖျားကို မော်ကြည့်ကြကုန်သော သင်တို့အား ထိုကြောက်လန့်ခြင်း ကိုယ်တုန်လှုပ်

ခြင်း ကြွက်သီး မွေးညှင်းထခြင်းသည် ကင်းငြိမ်း ကွယ်ပျောက်လတ္တံ့သတည်း။

၆။ နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ
ဥလ္လောကေယျာထ၊ အထ ဝရုဏဿ ဒေဝ
ရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ ဝရုဏဿ
ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမ
ဟံသော ဝါ သော ပဟီယိဿတိ။

ပဇာပတိ နတ်မင်း၏ အောင်လံ တံခွန်ဖျားကို အကယ်၍ မကြည့်မိကုန်အံ့၊ ဝရုဏနတ်မင်း၏ အောင်လံ တံခွန်ဖျားကို မော်ကြည့်ကြကုန်လော့၊ ဝရုဏနတ်မင်း၏ အောင်လံ တံခွန်ဖျားကို မော်ကြည့်ကြကုန်သော သင်တို့အား ထိုကြောက်လန့်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြွက်သီးမွေးညှင်း ထခြင်းသည် ကင်းငြိမ်း ကွယ်ပျောက်လတ္တံ့သတည်း။

၇။ နော စေ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လော
ကေယျာထ၊ အထ ဤသာနဿ ဒေဝရာဇဿ
ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ ဤသာနဿ ဟိ ဝေါ
ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိ
ဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော
ဝါ သော ပဟီယိဿတိ။

ဝရုဏနတ်မင်း၏ အောင်လံ တံခွန်ဖျားကို အကယ်၍ မကြည့်မိကုန်အံ့၊ ဤသာန နတ်မင်း၏ အောင်လံ တံခွန်ဖျားကို မော်ကြည့်ကြကုန်လော့၊ ဤသာန နတ်မင်း၏ အောင်လံ တံခွန်ဖျားကို မော်ကြည့်ကြကုန်သော သင်တို့အား ထိုကြောက်လန့်ခြင်း ကိုယ်

တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်း ထခြင်းသည် ကင်းငြိမ်း ကွယ်ပျောက်လတ္တံ့သတည်း။ ။ဤသို့မိန့်ဆိုလေ၏။

၈။ တံ ခေါပန ဘိက္ခဝေသက္ကဿဝါ ဒေဝါနမိန္ဒဿ ဓဇဂ္ဂံ ဥလ္လောကယတံ ပဇာပတိဿ ဝါ ဒေဝ ရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ဝရုဏဿဝါဒေဝ ရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ဤသာနဿဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံဝါ ဆမ္ဘိတတ္တံဝါ လောမဟံသော ဝါ သော ပဟီယေထာပိ နော ပဟီယေထ။

ရဟန်းတို့....စတုမဟာရာဇ် တာဝတိံသာ နတ်တို့ကို အစိုးရသော သိကြားမင်း၏ အောင်လံတံခွန်ဖျားကို ကြည့်ကုန်သော နတ်တို့အားရင်း၊ပဇာပတိအမည်ရှိသော နတ်မင်း၏ အောင်လံတံခွန်ဖျားကို ကြည့်ကုန်သော နတ်တို့အားရင်း၊ ဝရုဏအမည်ရှိသော နတ်မင်း၏ အောင်လံ တံခွန်းဖျားကို ကြည့်ကုန်သော နတ်တို့အားရင်း၊ ဤသာန အမည်ရှိသော နတ်မင်း၏အောင်လံတံခွန်ဖျားကို ကြည့်ကုန်သော နတ်တို့အားရင်း၊ ထိုကြောက်သန့်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်းသည် ကင်းငြိမ်း ကွယ်ပျောက်သော်လည်း ကွယ်ပျောက်ရာ၏၊ မကွယ်ပပျောက်ဘဲ သော်လည်း ရှိရာ၏။

၉။ တံ ကိဿဟေတု သက္ကော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒော အဝီတရာဂေါ အဝီတဒေါသောအဝီတ မောဟော ဘီရု ဆမ္ဘီ ဥတြာသီ ပလာယီတိ။

ထိုသို့ ကွယ်ပျောက်ခြင်း မပျောက်ခြင်းသည် အဘယ် အကြောင်းကြောင့် နည်းဟူမူ။ ။ရဟန်းတို့....စတုမဟာရာဇ်

တာဝတိံသာနတ်တို့ကို အစိုးရသော သိကြားမင်းသည် မကောင်းသော ရာဂရှိ၏၊ မကောင်းသော ဒေါသရှိ၏၊ မကောင်းသော မောဟရှိ၏၊ ကြောက်တတ်၏၊ ကိုယ်တုန်လှုပ်တတ်၏၊ လန့်တတ်၏၊ ပြေးတတ်၏၊ ထိုအကြောင်းတို့ကြောင့် ကင်းမြီးကွယ်ပျောက်သော်လည်း ကွယ်ပျောက်ရာ၏၊ မကွယ်မပျောက်ဘဲ သော်လည်းရှိရာ၏။

၁၀။ အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ သစေ တုမှာကံ ဘိက္ခဝေ အရညဂတာနံ ဝါ ရုက္ခမူလဂတာနံ ဝါ သုညာဂါရဂတာနံ ဝါ ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိ- တတ္တံ ဝါ လောမဟံသော ဝါ မမေဝ တသ္မိံ သမ- ယေ အနုဿရေယျာထ၊ ဣတိပိ သော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာ ရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ ဘဂဝါ တိ၊ မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ သော ပဟီယိဿတိ။

ရဟန်းတို့... ငါဘုရားသည်ကား ဤသို့ ကောင်းပြော၏။ ရဟန်းတို့...တောအရပ် သစ်ပင်ရင်း ဆိတ်ငြိမ်ရာအရပ်၌ နေကုန်သော သင်တို့အား ကြောက်လန့်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြက်သီးမွေးညင်း ထခြင်းသည် အကယ်၍ ဖြစ်ပေါ်ငြားအံ့၊ ထိုအခါ ငါဘုရား၏ ဂုဏ်တော်ကိုသာလျှင်တဖန်တလဲလဲအောက်မေ့ကြကုန်လော့။

မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူး

ကို ခံတော် မူထိုက်သောကြောင့် "အရဟံ" ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

အလုံးစုံသော တရားတို့ကို မဖေါက်မပြန် ကိုယ်တော်တိုင် ထိုးထွင်း၍သိမြင်တော်မူသောကြောင့်"သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော် မူပါပေ၏အရှင်ဘုရား။

ထိုးထွင်းသိမြင်သော ဝိဇ္ဇာဉာဏ် အကျင့် အာစာရဂုဏ်နှင့် ပြည့်စုံတော်မူသောကြောင့် "ဝိဇ္ဇာစရဏသမ္ပန္န" ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏အရှင်ဘုရား။

ဒုက္ခဇာတ်သိမ်း ချုပ်ငြိမ်းရာမှန် မြိုက်နိဗ္ဗာန်သို့ ကောင်းစွာ ကြွသွားတော်မူသောကြောင့် "သုဂတ" ဂုဏ်တော်ကြီးနှင့်ပြည့်စုံ တော်မူပါပေ၏အရှင်ဘုရား။

လောကအားလုံးကို သိမ်းကျုံးကုန်စင် သိမြင်တော်မူသော ကြောင့် "လောကဝိဒူ"ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

မယဉ်ကျေးသူ နတ်လူပြဟ္မာသတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိတော် မူသောကြောင့် "အနုတ္တရော ပုရိသဒမ္မ သာရထိ" ဂုဏ်တော်ကြီးနှင့် ပြည့်စုံပါပေ၏အရှင်ဘုရား။

လူနတ်ပြဟ္မာ သတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူသော ကြောင့် "သတ္ထာဒေဝ မနုဿာနံ"ဂုဏ်တော်ကြီးနှင့်ပြည့်စုံတော် မူပါပေ၏အရှင်ဘုရား။

သစ္စာလေးပါး တရားအမှန်ကို သိမြင်တော် မူသောကြောင့် "ဗုဒ္ဓ"ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော် မူပါပေ၏အရှင်ဘုရား။

ဘုန်းကံတေဇော် အာနုဘော် ကြီးတော် မူသောကြောင့် "ဘဂဝါ"ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏အရှင် ဘုရား။ ဤသို့ အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

ရဟန်းတို့....ငါဘုရား၏ဂုဏ်တော်ကိုအောက်မေ့ကြကုန်သော သင်တို့အားကြောက်လန့်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်း ထခြင်းသည် ကင်းငြိမ်းကွယ်ပျောက် လတံ့သတည်း။

၁၁။ နော စေ မံ အနုဿရေယျာထ၊ အထ ဓမ္မံ အနုဿရေယျာထ။ သွာက္ခာတော ဘဂဝတော ဓမ္မော သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။ ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ သော ပဟီယိဿတိ။

ငါဘုရား၏ဂုဏ်တော်ကို အကယ်၍ မအောက်မေ့ မိကုန်ငြားအံ့၊ ထိုသို့မအောက်မေ့မိ ကုန်သည်ရှိသော် တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ကြကုန်လော။

မြတ်စွာဘုရား တရားတော်မြတ်သည် အစ၌ သီလကောင်းခြင်း အလယ်၌ သမာဓိကောင်းခြင်း အဆုံး၌ ပညာ၏ကောင်းခြင်း အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံ၍ ကောင်းစွာ ဟောကြားတော်မူအပ်သောကြောင့် "သွာက္ခာတ" ဂုဏ်တော်ကြီးနှင့်ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

မျက်မှောက်ထင်ထင် ကိုယ်တိုင်သိမြင်ရသော အကျိုးရှိသောကြောင့် "သန္ဒိဋ္ဌိက" ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

အခါမလင့် အကျိုးပေးခွင့်ကို ပေးတော်မူတတ်သောကြောင့် "အကာလိက" ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

လာပါ ကြည့်ပါ၊ကျင့်ကြပါဟု မပါပါအောင် ခေါ်ဆောင် တိုက်တွန်းခြင်းငှါ ထိုက်တန်တော်မူသောကြောင့် "ဧဟိပဿိက" ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော် မူပါပေ၏ အရှင်ဘုရား။

နတ်ရွာ နိဗ္ဗာန်သို့ ပို့ဆောင်တော် မူတတ်သောကြောင့် "ဩပနေယျိက" ဂုဏ်တော်ကြီးနှင့်ပြည့်စုံတော် မူပါပေ၏ အရှင်ဘုရား။

ပညာရှိ သူတော်ကောင်းတို့သည် အသီးအသီးသော မိမိတို့၏ စိတ်သန္တာန်၌ ချမ်းသာလေစွ၊ ကောင်းလေစွဟု သိမြင်ခံစားရသောကြောင့် "ပစ္စတ္တံဝေဒိတဗ္ဗ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား၊ ဤသို့ အောက်မေ့ကြကုန်လော့။

ရဟန်းတို့....တရားတော်၏ ဂုဏ်ကို အောက်မေ့ကြကုန်သော သင့်တို့အား ကြောက်လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်းသည် ကင်းငြိမ်းကွယ်ပျောက် လတံ့သတည်း။

၁၂။ နော စေ ဓမ္မံ အနုဿရေယျာထ၊ အထ သံဃံ အနုဿရေယျာထ။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ

အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝက
သံဃော အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိ
နေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုည
က္ခေတ္တံ လောကဿာတိ။ သံဃံ ဟိဝေါ ဘိက္ခဝေ
အနုဿရတံ ယံ ဘဝိဿတိ ဘယံဝါ ဆမ္ဘိတတ္တံ
ဝါ လောမဟံသော ဝါ သော ပဟီယိဿတိ။

ဘုရားတော်၏ဂုဏ်ကို အကယ်၍ မအောက်မေ့မိကုန်ငြားအံ့ ထိုသို့ မအောက်မေ့မိကုန်သည် ရှိသော် သံဃာတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

မြတ်စွာဘုရား တပည့်သား သံဃာတော်မြတ်သည် ကောင်းစွာ ကျင့်သုံးတော်မူသောကြောင့် "သုပ္ပဋိပန္န" ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

ဖြောင့်မတ်သော အကျင့်ကို ကျင့်တော် မူသောကြောင့် "ဥဇုပ္ပဋိပန္န"ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏အရှင်ဘုရား

နိဗ္ဗာန်အကျိုးငှါ ကျင့်တော်မူသောကြောင့် "ဉာယပ္ပဋိပန္န" ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

အရိုအသေ ခံထိုက်အောင် ကျင့်တော်မူသောကြောင့်"သာမိစိပ္ပဋိပန္န" ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

အစုံအားဖြင့် လေးပါး၊ သီးခြားအားဖြင့် ရှစ်ပါးသော ယောကျ်ားမြတ်တို့သည် ရှိတော်မူကြကုန်၏။ မြတ်စွာဘုရား၏ ထိုအစုံလေးပါး၊သီးခြားရှစ်ပေါ် အရိယာသံဃာတော်မြတ်သည် အဝေးအရပ်မှ ယူဆောင်၍လှူသော ပစ္စည်းလေးပါးကို အလှူခံထိုက်တော်မူသောကြောင့် "အာဟုနေယျ" ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

ညှော့သည်တို့အလို့ ငှါ ရည်ညွှန်း၍ ထားသောပစ္စည်းများကို အလှူ ခံထိုက်တော် မူသောကြောင့် "ပါဟုနေယျ"ဂုဏ်တော်ကြီး နှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

တမလွန် ဘဝ၌ ကြီးပွားချမ်းသာရန် မျှော်မှန်း၍ လှူသော အလှူကို ခံထိုက်တော်မူသောကြောင့် "ဒက္ခိဏေယျ" ဂုဏ်တော် ကြီးနှင့် ပြည့်စုံတော်မူပါပေ၏ အရှင်ဘုရား။

သက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်တော် မူသောကြောင့် "အဉ္ဇလိကရဏီယ" ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော် မူပါပေ၏ အရှင်ဘုရား။

လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်း၏ အတုမရှိသော ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ် ယာ မြေ ကောင်း သဖွယ် ဖြစ်တော်မူသောကြောင့် "ပုညက္ခေတ္တ"ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော် မူပါပေ၏ အရှင်ဘုရား။ ဤသို့ အောက်မေ့ကြ ကုန်လော့။

ရဟန်းတို့...သံဃာတော်၏ဂုဏ်ကို အောက်မေ့ကြကုန်သော သင်တို့အား ကြောက်လန့်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြက်သီး မွေးညှင်း ထခြင်းသည်ကင်းငြိမ်း ကွယ်ပျောက်လတံ့သတည်း။

၁၃။ တံ ကိုယာဟေတုံ တထာဂတေသ ဟိ ဘိက္ခဝေ
အရဟံ သမ္မာသမ္ဗုဒ္ဓေ ဝီတရာဂေ ဝီတဒေါ
သော ဝီတမောဟော အဘီရု အဆမ္ဘီ အနုတြာ
သီ အပလာယီတိ။

ထိုသို့ ကင်းငြိမ်းကွယ်ပျောက်ခြင်းသည် အဘယ် အကြောင်း ကြောင့် နည်းဟူမူ ရဟန်းတို့...ဝိပဿီ အစရှိသော ရှေးဘုရား

တို့ကဲ့သို့ လာခြင်းကောင်းတော်မူသောသင်တို့ဆရာ ါဘုရားသည် လူ နတ်ဗြဟ္မာ သတ္တဝါတို့၏ ကြည်ဖြူဦးခိုက် ပူဇော်အထူးကို ခံတော်မူထိုက်၏။ သစ္စာလေးပါး တရားတို့ကို မဖေါက်မပြန် ကိုယ်တိုင်သာလျှင် ကောင်းစွာသိတော်မူ၏၊ရာဂကင်းတော်မူ၏၊ ဒေါသကင်းတော်မူ၏၊ မောဟကင်းတော်မူ၏၊ မကြောက်တတ် ကိုယ်မတုန်လှုပ်တတ် မလန့်တတ် မပြေးတတ်၊ ထိုအကြောင်း တို့ကြောင့် ကင်းငြိမ်းကွယ်ပျောက်လတ္တံ့သတည်း။

၅၄။ ဣဒ မဝေါစ ဘဂဝါ၊
ဣဒံ ဝတွာန သုဂတော။
အထာပရံ ဧတဒဝေါစ သတ္ထာ။

ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဤသို့ မိန့်ကြားတော်မူပြီးလျှင်ကောင်းသော တရားစကားကိုလည်း ဟောကြားတော် မူတတ်သော မြတ်စွာ ဘုရားသည် ထိုမှတဖန် ဤသို့မိန့်ကြားတော်မူပြန်၏။

၅၅။ အရညေ ရုက္ခမူလေဝ၊
သုညာဂါရေဝ ဘိက္ခဝေါ။
အနုဿရေထ သမ္ဗုဒ္ဓံ၊
ဘယံ တုမှာက နော သိယာ။

ရဟန်းတို့ တောအရပ်၌၎င်း၊ သစ်ပင်ရင်း၌၎င်း၊ ဆိတ်ငြိမ်ရာ အရပ်၌၎င်း၊ ငါဘုရား၏ ဂုဏ်တော်ကို အဖန်တလဲလဲအောင့်မေ့ ကြကုန်လော့၊ ဤသို့အောင့်မေ့ကြကုန်သည်ရှိသော် သင်တို့အား

ကြောက်လန့်ခြင်း ကိုယ်တုန်လှုပ်ခြင်း အစရှိသောဘေးအန္တရာယ် သည် မဖြစ်နိုင်ရာ။

၁၆။ နော စေ ဗုဒ္ဓံ သရေယျာထ၊
လောကဇေဋ္ဌံ နရာသဘံ၊
အထ ဓမ္မံ သရေယျာထ၊
နိယျာနိကံ သုဒေသိတံ။

လောက သုံးပါးတို့ထက် ကြီးမြတ်တော်မူ၍ လူတို့၏အထွဋ် ဖြစ်တော်မူသော ငါဘုရား၏ ဂုဏ်တော်ကို အကယ်၍ မအောက် မေ့ မိကုန်ငြားအံ့၊ ထိုသို့မအောက်မေ့ မိကုန်သည်ရှိသော် သံသရာ ဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်၍ ကောင်းစွာ ဟောကြားတော် မူအပ်သော တရားတော်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ကြ ကုန်လော့။

၁၇။ နော စေ ဓမ္မံ သရေယျာထ၊
နိယျာနိကံ သုဒေသိတံ။
အထ သံဃံ သရေယျာထ၊
ပုညက္ခေတ္တံ အနုတ္တရံ။

သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်၍ ကောင်းစွာ ဟော ကြားတော် မူအပ်သော တရားတော်၏ ဂုဏ်ကို အကယ်၍ မအောက်မေ့မိကုန်ငြားအံ့၊ ထိုသို့မအောက်မေ့မိကုန်သည်ရှိသော် အတုမရှိသော ကောင်းမှုမျိုးစေ့တို့၏ စိုက်မျိုးကြဲချရာလယ်ယာ မြေကောင်းသဖွယ် ဖြစ်တော်မူသော သံဃာတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ကြကုန်လော့။

၁၈။ ဧဝံ ဗုဒ္ဓံ သရန္တာနံ၊
ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊
လောမဟံသော န ဟေဿတိ။

ဓဇဂ္ဂပရိတ္တံ နိဋ္ဌိတံ။

ရဟန်းတို့....ဤသို့ ဆိုအပ်ခဲ့ပြီးသောအခြင်းအရာဖြင့်ငါဘုရား၏ ဂုဏ်တော်ကို၎င်း၊ တရားတော်၏ ဂုဏ်တော်ကို၎င်း၊ သံဃာတော်၏ ဂုဏ်ကို၎င်း အောင့်မေ့ကုန်သော သင်တို့အားကြောက်လန့်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြက်သီးမွေးညင်း ထခြင်းသည် ဧကန်မဖြစ်လတံ့သတည်း။

**ဓဇဂ္ဂပရိတ် မြန်မာပြန်ပြီး၏။**

## ၈-အာဋာနာဋိယသုတ် မြန်မာပြန်

၁။ အပ္ပသန္နေဟိ နာထဿ၊
သာသနေ သာဓု သမ္မတေ။
အမနုဿေဟိ စဏ္ဍေဟိ၊
သဒါ ကိဗ္ဗိသ ကာရိဘိ။

လောကဓာတ် တဝှမ်းလုံးတွင် အကောင်းဆုံးဟု သမုတ်အပ်သော မြတ်စွာဘုရား သာသနာတော်ကြီး၌ မနှစ်လို မကြည်ညိုကြကုန်၊ မာန်တကြွကြွ ကြမ်းကြုတ်ကြကုန်သော မိစ္ဆာဘီလူးတို့သည် နေ့ရော ညဉ့်ပါ အခါခပ်သိမ်း မကောင်းမှုကို ပြုလုပ်ကြကုန်၏။

၂။ ပရိသာနံ စတဿန္နံ၊
အဟိံသာယ စ ဂုတ္တိယာ၊
ယံ ဒေသေသိ မဟာဝီရော၊
ပရိတ္တံ တံ ဘဏာမ ဟေ။

ထို မိစ္ဆာဘီလူးတို့သည် ရဟန်းယောကျ်ား ရဟန်းမိန်းမ လူယောကျ်ား လူမိန်းမ အားဖြင့်လေးပါးသောပရိသတ်တို့အား မညှင်းဆဲကြစေခြင်းငှါလည်း၊ စောင့်ရှောက် ကြစေခြင်းငှါလည်း ကြီးမားသော လုံ့လဝီရိယ ရှိတော်မူသော မြတ်စွာဘုရားသည် တံတိုင်းပမာ ရံသိုင်းကာ ထားရာဖြစ်သော ဤအာဋာနာဋိယ သုတ်ပရိတ်တော်ကို ကရုဏာရှေ့သွားမေတ္တာထား၍ ဟောကြားတော်မူလေပြီ၊အို-သူတော်ကောင်း အပေါင်းတို့....ထိုအာဋာနာဋိယသုတ် ပရိတ်တရားတော်ကို ငါတို့ ရွတ်ဘတ်ကြကုန်စို့။

၃။ ဝိပဿိဿစ နမတ္ထု၊
စက္ခုမန္တဿ သိရီမတော။
သိခိဿာပိစ နမတ္ထု၊
သဗ္ဗဘူတာ နုကမ္ပိနော။

စက္ခုအမြင်ငါးပါးနှင့် ပြည့်စုံတော်မူ၍ ဘုန်းကြက်သရေနှင့်လည်း ပြည့်စုံတော်မူသော ဝိပဿီမြတ်စွာ ဘုရားအား အကျွန်ုပ်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ပြုပါ၏၊ ခပ်သိမ်းသော သတ္တဝါတို့ကို သနားတော်မူတတ်သော သိခီမြတ်စွာ ဘုရားအားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကိုပြုပါ၏။

၄။ ဝေဿဘုဿစ နမတ္ထု၊
နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊
မာရသေနာ ပမဒ္ဒိနော။

မကောင်းမှုကို ဆေးကြောတော် မူပြီးလျှင် ခြိုးခြံသောအကျင့်ကို ကျင့်တော်မူသော ဝေဿဘူမြတ်စွာဘုရားအားလည်း အကျွန်ုပ်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ပြုပါ၏၊ ဒေဝပုတ္တ စသည်ငါးပါး မာရ်စစ်များကို နှိမ်နင်း ဖျက်ဆီးတော်မူတတ်သော ကကုသန် မြတ်စွာဘုရားအားလည်းအကျွန်ုပ်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ပြုပါ၏။

၅။ ကောဏာဂမနဿ နမတ္ထု၊
ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿစ နမတ္ထု၊
ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

မကောင်းမှုကိုမျှောတော်မူပြီး၍စသီဘော်ငါး-ပါးနှင့်ပြည့်စုံတော်မူသော ကောဏာဂုံ မြတ်စွာဘုရားအားလည်း အကျွန်ုပ်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ရှိခိုးခြင်းကိုပြုပါ၏၊ ခပ်သိမ်းသော ကိလေသာတို့မှ ကင်းလွတ်တော်မူပြီးသော ကဿပမြတ်စွာဘုရားအားလည်း အကျွန်ုပ်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ပြုပါ၏။

၆။ အင်္ဂီရသဿ နမတ္ထု၊
သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊
သဗ္ဗဒုက္ခာ ပနူဒနံ။

ဂေါတမဘုရားသခင်သည် အလုံးစုံသော ဆင်းရဲကို ပယ်ဖျောက်တော်မူတတ်သော တရားမြတ်ကိုဟောတော်မူ၏၊ ကိုယ်တော်မှ ထွက်ပေါ်သော အရောင်ရှိတော်မူ၏၊ ဘုန်းကြက်သရေနှင့် ပြည့်စုံတော်မူ၏ သာကီဝင်မင်းသား ဖြစ်တော်မူသော ထိုဂေါတမ ဘုရားသခင်အား အကျွန်ုပ်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကိုပြုပါ၏။

၇။ ယေစာပိ နိဗ္ဗုတာ လောကေ၊
ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာထ၊
မဟန္တာ ဝီတသာရဒါ။

လောက၌ ကိလေသာမီး ငြိမ်းအေးတော် မူကြကုန်ပြီးသော ရဟန္တာအရှင်မြတ်တို့သည် ဟုတ်မှန်သောအတိုင်း သိမြင်တော်မူကြကုန်၏၊ ထိုရဟန္တာအရှင်မြတ်တို့သည် ချောပစ်ဂုံးတိုက်သော

စကားကို မဆိုတော်မူကြကုန်၊ အထူးအားဖြင့် မြင့်မြတ်တော်မူကြကုန်၏၊ ကြောက်ရွံ့ခြင်း ကင်းတော်မူကြကုန်၏။

၈။ ဟိတံ ဒေဝမနုဿာနံ၊
ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊
မဟန္တံ ဝီတသာရဒံ။

ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါးတို့နှင့်ပြည့်စုံတော်မူသော မြတ်လည်းမြတ်တော်မူသောကြောက်ရွံ့ခြင်းလည်း ကင်းတော်မူသော လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အစီးအပွားကိုလည်း ဆောင်တော်မူသော ဂေါတမ မြတ်စွာဘုရားကို ရှိခိုးတော်မူကြကုန်၏၊ ထိုရဟန္တာ အရှင်မြတ်တို့အားလည်း အကျွန်ုပ်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကိုပြုပါ၏။

၉။ ဧတေ စ ညေ စ သမ္ဗုဒ္ဓါ၊
အနေကသတ ကောဋိယော။
သဗ္ဗေဗုဒ္ဓါ သမသမာ၊
သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ။

ဝိပဿီအစရှိသော ခုနစ်ဆူကုန်သော မြတ်စွာဘုရားတို့သည်၎င်း ကုဋေအရာမကများလှကုန်သော တပါးသောမြတ်စွာဘုရားတို့သည်၎င်း၊ ဤအလုံးစုံသော မြတ်စွာဘုရားတို့သည်ပစ္စေကဗုဒ္ဓါသာဝကတို့နှင့် မတူတော်မူကြကုန်၊ ဘုရားချင်းသာ တူတော်မူကြကုန်၏၊ ကြီးသော တန်ခိုးအာနုဘော် ရှိတော်မူကြကုန်၏။

၁၀။ သဗ္ဗေ ဒသဗလူပေတာ၊
ဝေသာရဇ္ဇေ ဟုပါဂတာ။
သဗ္ဗေ တေ ပဋိဇာနန္တိ၊
အာသဘဏ္ဍာန မုတ္တမံ။

ခပ်သိမ်းသော မြတ်စွာဘုရားတို့သည် ကိုယ်တော်အား ဆယ်ပါး ဉာဏ်တော်အား ဆယ်ပါးတို့နှင့် ပြည့်စုံတော် မူကြကုန်၏၊ ဝေသာရဇ္ဇဉာဏ် လေးပါးတို့နှင့်လည်း ပြည့်စုံတော် မူကြကုန်၏၊ ယောကျ်ားမြတ်တို့၏ အရာဖြစ်သော သဗ္ဗညုတ ဉာဏ်တော်ကို ဝန်ခံတော်မူကြကုန်၏။

၁၁။ သီဟနာဒံ နဒန္တေ တေ၊
ပရိသာသု ဝိသာရဒါ။
ဗြဟ္မစက္ကံ ပဝတ္တေန္တိ၊
လောကေ အပ္ပဋိဝတ္တိယံ။

ထိုမြတ်စွာ ဘုရားတို့သည်ပရိသတ်လေးပါး၌ရဲရင့်တော်မူကုန်သောကြောင့် ခြင်္သေ့မင်းကဲ့သို့ရဲရင့်သောစကားကို ဆိုတော်မူကြကုန်၏။ လောက၌ သူတပါးတို့ မလည်စေနိုင်သော ဓမ္မစကြာတရားတော်မြတ်ကိုလည်စေတော်မူကုန်၏၊ဟောကြားတော်မူကုန်၏။

၁၂။ ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊
အဋ္ဌာရသဟိ နာယကာ။
ဗာတ္တိံသ လက္ခဏူပေတာ၊
သီတာ နုဗျဉ္ဇနာ ဓရာ။

လူသုံးပါးတို့၏ ခရီးလမ်းညွှန် ဖြစ်တော်မူသော ဘုရားရှင်တို့သည် တဆဲ့ရှစ်ပါးသော ဘုရားဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူကြကုန်၏၊ သုံးဆဲ့နှစ်ပါးသော လက္ခဏာ တော်ကြီးတို့နှင့်လည်း ပြည့်စုံတော်မူကုန်၏၊ ရှစ်ဆယ်သော လက္ခဏာ တော်ငယ် တို့ကိုလည်း ဆောင်တော်မူကုန်၏။

၁၃။ ဗျာမပ္ပဘာယ သုပ္ပဘာ၊
သဗ္ဗေ တေ မုနိကုဉ္ဇရာ။
ဗုဒ္ဓါ သဗ္ဗညုနော ဧတေ၊
သဗ္ဗေ ခီဏာသဝါ ဇိနာ။

ခပ်သိမ်းသော မြတ်စွာဘုရားတို့သည် တလံမျှလောက်သော ကိုယ်တော်၏ အရောင်ဖြင့် ကောင်းစွာ ထွန်းပတော်မူကုန်၏၊ အာဂါရ,အနာဂါရ,သေက္ခအသေက္ခ,ပစ္စေကအားဖြင့်မုနိငါးပါးတို့ထက် မြတ်တော်မူကုန်၏။ ခပ်သိမ်းသော တရားတို့ကို သိတော်မူကုန်၏၊အာသဝေါတရားကုန်ခမ်းပြီးတော်မူကုန်၏၊မာရ်ငါးပါးကို အောင်တော် မူကုန်၏။

၁၄။ မဟာပဘာ မဟာတေဇာ၊
မဟာပညာ မဟဗ္ဗလာ။
မဟာကာရုဏိကာ ဓီရာ၊
သဗ္ဗသာနံ သုခါဝဟာ။

ကြီးမြတ်သော ကိုယ်တော်ရောင် ဉာဏ်တော်ရောင် ရှိတော်မူကုန်၏၊ ကြီးမြတ်သော တန်ခိုးရှိတော်မူကုန်၏၊ ကြီးမြတ်သော ပညာရှိတော်မူကုန်၏၊ ကြီးမားသော ခွန်အားရှိတော်မူကုန်၏၊ ကြီးမားသော ကရုဏာရှိတော်မူကုန်၏၊ ကြီးမားသော သမာဓိ ရှိတော် မူကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏စီးပွားချမ်းသာကို ဆောင်ရွက်တော်မူကုန်၏။

၁၅။ ဒီပါ နာဘာ ပတိဋ္ဌာစ၊
တာဏာ လေဏာစ ပါဏိနံ။
ဂတိ ဗန္ဓူ မဟေဿာသာ၊
သရဏာ စ ဟိတေသိနော။

အလုံးစုံသော သတ္တဝါတို့၏ မှီခိုရာ ကျွန်းကြီး သဖွယ်လည်း ဖြစ်တော် မူကြကုန်၏၊ ကိုးကွယ်ရာလည်း ဖြစ်တော်မူကြကုန်၏၊ ထောက်ရာ တည်ရာလည်း ဖြစ်တော်မူကြကုန်၏၊ စောင့်လည်း စောင့်ရှောက်တော် မူကြကုန်၏၊ ပုန်းအောင်း မှီခိုရာလည်း ဖြစ်တော် မူကြကုန်၏၊ မှီဝဲဆည်းကပ်ရာလည်း ဖြစ်တော်မူကြကုန်၏။ စီးပွားချမ်းသာကို ဆောင်တတ်သော အမျိုးအဆွေ ကြီးလည်း ဖြစ်တော်မူကြကုန်၏၊ လိုအပ်သော အကျိုးကို ပွားတိုးပြီးစီး စေတတ်သောကြောင့် ဗိဿနိုး နတ်မင်း သိကြားမင်း ဗြဟ္မာမင်း နှင့်လည်း တူတော်မူကြကုန်၏၊ နေ့ညမပြတ် အောက်မေ့ ရာလည်း ဖြစ်တော်မူကြကုန်၏၊ အကျိုးစီးပွားကိုလည်း ရှာမှီးတော်မူကြကုန် ၏။

၁၆။ သ ဒေဝကဿ လောကဿ၊
သဗ္ဗေ ဧတေ ပရာယဏာ။
တေသာ ဟံ သိရသာ ပါဒေ၊
ဝန္ဒာမိ ပုရိသုတ္တမေ။

ဤအလုံးစုံသော မြတ်စွာဘုရားတို့သည် နတ်နှင့်တကွသော လူအပေါင်းတို့၏ လည်းလျှောင်းရာလည်း ဖြစ်တော်မူကြကုန်၏၊ အကျွန်ုပ်သည် ယောကျ်ားတကာတို့ထက် မြတ်သော ထိုမြတ်စွာ ဘုရားတို့၏ ခြေတော်အစုံ ကြာပဒုံတို့ကို တုပ်ကွ ညွတ်ပျောင်း မြတ်ဦးခေါင်းဖြင့် ကောင်းစွာ ရှိခိုးပါ၏။

၁၇။ ဝစသာ မနသာ စေဝ၊
ဝန္ဒာမေ တေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊
ဂမနေ စာ ပိ သဗ္ဗဒါ။

ထို သဗ္ဗညု ရှင်တော် ဘုရားတို့ကို အိပ်သောအခါ ထိုင်သော အခါ ရပ်သောအခါ သွားသောအခါတို့၌ အခါခပ်သိမ်းနှုတ်ဖြင့် ၎င်း၊ စိတ်ဖြင့်၎င်း ရှိသေမြတ်နိုး ရှိခိုးပါ၏။

၁၈။ သဒါ သုခေန ရက္ခန္တု၊
ဗုဒ္ဓါ သန္တိကရာ တုမံ။
တေဟိ တွံ ရက္ခိတော သန္တော၊
မုတ္တော သဗ္ဗဘယေဟိ စ။

ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးခြင်းကို ပြုတော် မူတတ်ကုန်သော ထို မြတ်စွာဘုရားတို့သည် *သင့်အား အခါခပ်သိမ်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းငှါ စောင့်ရှောက်တော် မူကြပါစေကုန် သတည်း၊ ထိုမြတ်စွာဘုရားတို့ အခါမပြတ်စောင့်ရှောက်အပ်သော *သင်သည် ကိုယ်စိတ်နှစ်ဖြာ ငြိမ်သက်ပါစေသတည်း၊ အလုံးစုံ သော ဘေးရန်ဟူသမျှတို့မှ ကင်းလွတ်ပါစေသတည်း။

၁၉။ သဗ္ဗရောဂါ ဝိနိမုတ္တော၊
သဗ္ဗသန္တာပ ဝဇ္ဇိတော။
သဗ္ဗဝေရ မတိက္ကန္တော၊
နိဗ္ဗုတော စ တုဝံ ဘဝ။

၂၀။ တေသံ သစ္စေန သီလေန၊
ခန္တိ မေတ္တာ ဗလေနစ။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။

ထိုမြတ်စွာဘုရားတို့၏ သစ္စာတော်အစွမ်း အာနုဘော်ကြောင့် ၎င်း၊ သီလတော် အစွမ်း အာနုဘော် ကြောင့် ၎င်း၊ ခန္တီတော် အစွမ်းအာနုဘော်ကြောင့်၎င်း၊ မေတ္တာတော် အစွမ်းအာနုဘော် ကြောင့်၎င်း၊ *သင်သည် အလုံးစုံသော အနာရောဂါတို့မှ ကင်း လွတ်ပါစေသတည်း၊ အလုံးစုံသော ပူပန်ခြင်းတို့မှ ကင်းဝေးပါ စေသတည်း၊ ကိုယ်တွင်းကိုယ်ပရန်ဟူသမျှတို့ကို လွန်မြောက်ပါစေ သတည်း၊ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေး ချမ်းသာပါစေသတည်း၊ ထိုမြတ်စွာ ဘုရာ တို့သည်လည်း *အကျွန်ုပ်တို့အား အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းငှါ၎င်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ငှါ၎င်း အစဉ်ထာဝရ စောင့်ရှောက်တော် မူကြပါကုန်လော့။

၂၁။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊
သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။

အရှေ့မျက်နှာအရပ်၌ တန်ခိုးကြီးကုန်သော ဂန္ဓဗ္ဗနတ်တို့သည် ရှိကုန်၏၊ ထိုဂန္ဓဗ္ဗ နတ်တို့သည်လည်း *အကျွန်ုပ်တို့အား အနာ ရောဂါကင်းရှင်းကျန်းမာခြင်းငှါ၎င်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ခြင်းငှါ၎င်း၊အစဉ်ထာဝရ စောင့်ရှောက်တော်မူကြပါကုန်လော့။

၂၂။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊
သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေန စ။

တောင်မျက်နှာအရပ်၌ တန်ခိုးကြီးကုန်သော ကုမ္ဘဏ်နတ်တို့သည် ရှိကုန်၏၊ ထိုကုမ္ဘဏ်နတ်တို့သည်လည်း *အကျွန်ုပ်တို့အား အနာရောဂါကင်းရှင်း ကျန်းမာခြင်းငှါ၎င်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းငှါ၎င်း၊ အစဉ်ထာဝရ စောင့်ရှောက်တော်မူကြပါကုန်လော့။

၂၃။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊
သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေန စ။

အနောက်မျက်နှာ အရပ်၌ တန်ခိုးကြီးကုန်သော နတ်နဂါးတို့သည် ရှိကုန်၏၊ ထိုနတ်နဂါးတို့သည်လည်း အကျွန်ုပ်တို့အား အနာရောဂါကင်းရှင်း၊ ကျန်းမာခြင်းငှါ၎င်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းငှါ၎င်း အစဉ်ထာဝရ စောင့်ရှောက်တော်မူကြပါကုန်လော့၊

၂၄။ ဥတ္တရသ္မိံ ဒိသာဘာဂေ၊
သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေန စ။

မြောက်မျက်နှာ အရပ်၌ တန်ခိုးကြီးကုန်သော နတ်ဘီလူးတို့သည် ရှိကုန်၏၊ ထို နတ်ဘီလူး တို့သည်လည်း *အကျွန်ုပ်တို့အား

အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းငှါလည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းငှါလည်းကောင်း အစဉ်ထာဝရ စောင့်ရှောက်တော် မူကြပါကုန်လော့။

၂၅။ ပုရတ္ထိမေန ဓတရဋ္ဌော၊
ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊
ကုဝေရော ဥတ္တရံ ဒိသံ။

မြင့်မိုရ်တောင်မင်း၏ အရှေ့မျက်နှာအရပ်၌ ဂန္ဓဗ္ဗနတ်တို့ကို အစိုးရသော ဓတရဋ္ဌနတ်မင်း၊ တောင်မျက်နှာအရပ်၌ ကုမ္ဘဏ် နတ်တို့ကိုအစိုးရသော ဝိရူဠှကနတ်မင်း၊ အနောက်မျက်နှာအရပ်၌ နတ်နဂါးတို့ကို အစိုးရသော ဝိရူပက္ခနတ်မင်း၊ မြောက်မျက်နှာ အရပ်၌နတ်ဘီလူးတို့ကို အစိုးရသော ကုဝေရနတ်မင်း၊ ဤနတ်မင်း ကြီးလေးပါးတို့သည် နေထိုင်ကြကုန်၏။

၂၆။ စတ္တာရော တေ မဟာရာဇာ၊
လောကပါလာ ယသဿိနော။
တေပိ အမှေ့ နုရက္ခန္တု၊
အရောဂေန သုခေန စ။

ထိုနတ်မင်းကြီး လေးပါးတို့သည် လောကကို စောင့်ရှောက် ကြကုန်၏၊ များသောအခြံအရံ ရှိကြကုန်၏၊ ထိုနတ်မင်းကြီး လေးပါးတို့သည်လည်း ✻အကျွန်ုပ်အား အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းငှါလည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းငှါလည်းကောင်း အစဉ် ထာဝရ စောင့်ရှောက်တော်မူကြပါကုန်လော့။

၂၇။ အာကာသဋ္ဌာစ ဘုမ္မဋ္ဌာ၊
ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။

ကောင်းကင်၌ တည်နေကြကုန်သောတန်ခိုးကြီးသောနတ်တို့သည်၎င်း၊ မြေ၌တည်နေကြကုန်သော တန်ခိုးကြီးသော နတ်တို့သည်၎င်း၊ နဂါးမင်းတို့သည်၎င်း ရှိကြကုန်၏၊ ထိုတန်ခိုးကြီးမားသော နတ်နဂါးတို့သည်လည်း *အကျွန်ုပ်တို့အား အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းငှါ၎င်း၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းငှါ၎င်း အစဉ်ထာဝရ စောင့်ရှောက်တော်မူကြပါကုန်လော့။

၂၈။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊
ဝသန္တာ ဣဓ သာသနေ။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။

ဂေါတမမြတ်စွာဘုရား သာသနာတော်၌ ကျင့်ကြံနေထိုင်ကြကုန်သော တန်ခိုးကြီးသော နတ်တို့သည် ရှိကုန်၏၊ ထို တန်ခိုးကြီးသော နတ်တို့သည်လည်း *အကျွန်ုပ်တို့အား အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းငှါ၎င်း၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းငှါ၎င်း အစဉ်ထာဝရ စောင့်ရှောက်တော် မူကြပါကုန်လော့။

၂၉။ သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊
သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝန္တွန္တရာယာ၊
သုခီ ဒီဃာယုကော ဘဝ။

*သင့်အား* ခပ်သိမ်းသော ဘေးရန်တို့သည် ကင်းဝေးကြစေကုန်သတည်း။ စိုးရိမ်ကြောင့်ကြပူပန်မှုတို့သည်ရှင်း၊ အနာရောဂါ ဟူသမျှတို့သည်ရှင်းပျောက်လွင့်ကြပါစေကုန်သတည်း၊ကိုယ်တွင်းကိုယ်ပ အန္တရာယ် ဟူသမျှတို့သည်း မဖြစ်ကြစေကုန်သတည်း။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် အသက်ရှည်ကြပါစေသတည်း။

၃၅။ အဘိဝါဒန သီလိဿ၊
နိစ္စံ ဝုဍ္ဎာ ပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယု ဝဏ္ဏော သုခံ ဗလံ။
အာဋာနာဋိယသုတ္တံ နိဋ္ဌိတံ။

ရတနာသုံးပါးတို့ကိုရှိသေမြတ်နိုးလက်စုံမိုး၍ရှိခိုးလေ့ရှိလျက် အသက်အရွယ် ဂုဏ်သိက္ခာကြီးသော သူတို့ကို အမြဲမပြတ် ရိုသေလေ့ရှိသော ပုဂ္ဂိုလ်အား အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း ခွန်အားကြီးခြင်း ဤအကျိုးတရား လေးပါးတို့သည် တနေ့တခြား တိုးပွားကြကုန်၏။

**အာဋာနာဋိယသုတ် မြန်မာပြန်ပြီး၏။**

## ၂၄ အင်္ဂုလိမာလသုတ် မြန်မာပြန်

၁။ ပရိတ္တံ ယံ ဘဏန္တဿ၊
နိသိန္နဋ္ဌာန ဓောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊
သဗ္ဗမေဝ ပရိဿယံ။

၂။ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊
ယဉ္စ သာဓေတိ တင်္ခဏေ၊
ထေရဿ အင်္ဂုလိမာလဿ၊
လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

မြတ်စွာဘုရား ဟောကြားတော်အပ်သော အင်္ဂုလိမာလသုတ် ပရိတ်တော်သည် ချမ်းသာသဖြင့် ကိုယ်ဝန်မှထ သွားဖွားခြင်း ကိစ္စကို တခဏချင်း ပြီးစီးစေ၏၊ ပရိတ်တော်ကို ရွတ်ဘတ်သော ပုဂ္ဂိုလ်၏ထိုင်နေရာအရပ်ကိုဆေးကြောသောရေမျှဖြင့်သော်လည်း စုန်း မှော် ကဝေ တစ္ဆေ မှင်စာ မာတယာ မြေဘုတ် ဖုတ် သဘက်ကြပ် နတ်ကြမ်း နတ်ဆိုး ဘေးရန်အမျိုးမျိုးကို ပျောက်ကင်းစေတော်မူနိုင်၏၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အရှင်အင်္ဂုလိမာလမထေရ်အား ဤပရိတ်တော်ကို ဟောကြားတော်မူ၏၊ သင်္ချေပတ်ကုံး မပြတ်ဆုံးမူ၍ တကမ္ဘာလုံး တည်တော်မူ၏၊ ကြီးမြတ်သော တန်ခိုးအာနုဘော် ရှိတော်မူ၏၊ အိုသူတော်ကောင်းအပေါင်းတို့....ထိုအင်္ဂုလိမာလသုတ် ပရိတ်တော်ကို ငါတို့ရွတ်ဘတ်ကြကုန်စို့။

၃။ ယတော ဟံ ဘဂိနိ အရိယာယ ဇာတိယာ
ဇာတော နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ
ဝေါရောပေတာ တေန သစ္စေန သောတ္ထိ တေ
ဟောတု သောတ္ထိ ဂဗ္ဘဿ။

အင်္ဂုလိမာလ သုတ္တံ နိဋ္ဌိတံ။

အို-နှမငယ်....ငါသည် အရိယာနွယ်ဇာတ် ရဟန်းမြတ်ဖြစ်ခဲ့သည့် အချိန်အခါမှစ၍ သူတပါး၏အသက်ကို သေစေလိုသော စေတနာဖြင့် သတ်ဖြတ်ဘူး၏ဟူ၍ ငါမသိ၊ ဤသို့မှန်စွာဆိုသော သစ္စာစကားကြောင့် သင်နှမငယ်အား ဆင်းရဲလွတ်ကင်း ချမ်းသာ အေးမြခြင်း ဖြစ်ပါစေသတည်း၊ ဝမ်း၌မှီတွယ် သားသူငယ်အားလည်း ဆင်းရဲလွတ်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

**အင်္ဂုလိမာလသုတ် မြန်မာပြန်ပြီး၏**

## ၁၀-ဗောဇ္ဈင်္ဂသုတ် မြန်မာပြန်

၁။ သံသာရေ သံသရန္တာနံ၊
သဗ္ဗဒုက္ခ ဝိနာသနေ။
သတ္တ ဓမ္မေစ ဗောဇ္ဈင်္ဂေ၊
မာရသေနာ ပမဒ္ဒနေ။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဗောဇ္ဈင် ခုနစ်ပါး တရားတော်တို့သည် အစမထင် သံသရာပြင်၌ ကျင်လည်မျောပါး ပြေးသွား နေကြရကုန်သော သတ္တဝါ အနန္တတို့၏ အလုံးစုံသော ဝဋ်ဆင်းရဲကို ပျောက်ကင်းစေတော် မူကြကုန်၏၊ ကိလေသာမာရ် ကိုယ်တွင်းရန် စစ်သည်ခပင်းကို နှိမ်နင်းဖျက်ဆီးတော်မူကြကုန်၏။

၂။ ဗုဇ္ဈိတွာ ယေစိမေ သတ္တာ၊
တိဘဝါ မုတ္တကုတ္တမာ။
အဇာတိ မဇရာ ဗျာဓိံ၊
အမတံ နိဗ္ဘယံ ဂတာ။

အရိယာမဂ်၏ အကြောင်းဖြစ်သော ဤဗောဇ္ဈင်ခုနစ်ပါး တရားတော်တို့ကို သိကုန်သောကြောင့် သာလျှင် သတ္တဝါတို့သည် မြင့်မြတ်ကြကုန်၏။ ကာမ, ရူပ, အရူပ တည်းဟူသော ဘဝသုံးပါးမှ ကင်းလွတ်ကြကုန်၏၊ ပဋိသန္ဓေနေရခြင်းမရှိ အိုရခြင်းမရှိ နာရခြင်း မရှိ သေရခြင်းမရှိ ဘေးလည်း ကင်းရာ ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ရပ်သို့ ရောက်တော်မူကြကုန်၏။

၃။ ဝေမာဒိ ဂုဏူပေတာ၊
အနေက ဂုဏသင်္ဂဟာ။
သြသဓေ့ဝ ဣမံ မန္တံ၊
ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။

ဤသို့ အစရှိသော ဂုဏ်ကျေးဇူးအထူးနှင့်ပြည့်စုံ၍ များလှဖုံဖုံ ကျေးဇူးဂုဏ်တို့ဖြင့် ပေါင်းဆုံ ရေတွက် အပ်သည့် နတ်ဆေးဝါး နတ်မန္တရား သဖွယ်ဖြစ်သော ဤဗောဇ္ဈင်သုတ် ပရိတ်တော်ကို အို-သူတော်ကောင်း အပေါင်းတို့....ငါတို့ ရွတ်ဘတ်ကြကုန်စို့။

၄။ ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊
ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊
ဗောဇ္ဈင်္ဂါစ တထာ ပရေ။

ကောင်းသော တရားကိုသာ အောက်မေ့ခြင်း တည်းဟူသော သတိသမ္ဗောဇ္ဈင် တရားမြတ်ဥင်း၊ရုပ်နာမ်တရားတို့ကို အနိစ္စ အစရှိသော အခြင်းအရာဖြင့် စူးစမ်းဆင်ခြင်ခြင်းတည်းဟူသော ဓမ္မဝိစယ သမ္ဗောဇ္ဈင်တရားမြတ်ဥင်း၊ ကောင်းသောအမှု၌ အားထုတ်ခြင်းတည်းဟူသော ဝီရိယသမ္ဗောဇ္ဈင် တရားမြတ်ဥင်း၊ ကောင်းသောအမှုနှင့်စပ်၍ နှစ်သက် ဝမ်းမြောက်ခြင်းတည်းဟူသော ပီတိသမ္ဗောဇ္ဈင် တရားမြတ်ဥင်း၊ ကိုယ်စိတ်နှစ်တန် ပူပန်လွတ်ကင်း ငြိမ်းချမ်းခြင်းတည်းဟူသော ပဿဒ္ဓိသမ္ဗောဇ္ဈင် တရားမြတ်ဥင်း။

၅။ သမာဓု ပေက္ခာ ဗောဇ္ဈင်္ဂါ၊
သတ္တေ တေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊
ဘာဝိတာ ဗဟုလီကတာ။

ကောင်းသောအာရုံ၌ မတုန်မလှုပ် တည်ကြည်ခြင်းတည်းဟူသော သမာဓိသမ္ဗောဇ္ဈင် တရားမြတ်၎င်း၊ ကောင်းသောအမှုကို အားထုတ်ရာတွင် ဆုတ်နစ် တတ်ကြွစိတ် မရှိရဘဲ အညီအမျှ ထားခြင်းတည်းဟူသော ဥပေက္ခာသမ္ဗောဇ္ဈင်တရားမြတ်၎င်း၊ ဤခုနစ်ပါးသော ဗောဇ္ဈင်တရားတို့ကို အလုံးစုံသော တရားဟို့၌ ပိုင်းခြားထင်ထင်သိမြင်တော်မူသော မြတ်စွာဘုရားသည်ကောင်းစွာ ဟောကြားတော်မူအပ်ကုန်၏၊ ထိုဗောဇ္ဈင်ခုနစ်ပါး တရားတော်တို့ကို ပွားများအပ်ကုန်သည်ရှိသော် အတန်တန် အထပ်ထပ် လေ့လာ ပြုလုပ်အပ်ကုန်သည် ရှိသော်။

၆။ သံဝတ္တန္တိ အဘိညာယ၊
နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

သိသင့်သိထိုက်သော တရားတို့ကို မျက်ဝါးထင်ထင် သိမြင်ခြင်းအကျိုးငှါ၎င်း၊အရဟတ္တမဂ်ဉာဏ်တိုင်အောင်သစ္စာလေးပါးတို့ကို ထိုးထွင်းသိမြင်ခြင်းအကျိုးငှါ၎င်း၊ဆင်းရဲခပ်သိမ်း ငြိမ်းရာအမှန် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းအကျိုးငှါ၎င်း၊ ကောင်းစွာဖြစ်ကုန်၏။ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် *သင့်အားအခါခပ်သိမ်း ဆင်းရဲလွတ်ကင်း ချမ်းသာ အေးမြခြင်းဖြစ်ပါစေသတည်း။

၇။ ကေသ္မိံ သမယေ နာထော၊
မောဂ္ဂလာနဉ္စ ကဿပ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊
ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

အခါတပါး မြတ်စွာဘုရားသည် နာဖျား ဆင်းရဲ တော်မူကြကုန်သော အရှင်မောဂ္ဂလာန်မထေရ်၊ အရှင်မဟာကဿပ မထေရ်တို့ကို သိမြင်တော်မူ၍ ဗောဇ္ဈင် ခုနစ်ပါး တရားတော်တို့ကို ဟောကြားတော် မူလေ၏။

၈။ တေစ တံ အဘိနန္ဒိတွာ၊
ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ထိုမထေရ်တို့သည်လည်း ဗောဇ္ဈင် တရားတော်တို့ကို အလွန်နှစ်လို ကြည်ညိုကြကုန်သောကြောင့် ဟောတော်မူသော ခဏ၌ပင် အနာရောဂါမှ လွတ်ကင်းတော် မူကြကုန်၏၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် *သင့်အား အခါခပ်သိမ်း ဆင်းရဲလွတ်ကင်း ချမ်းသာ အေးမြခြင်း ဖြစ်ပါစေသတည်း။

၉။ ဧကဒါ ဓမ္မရာဇာပိ၊
ဂေလညေနာ ဘိပီဠိတော။
စုန္ဒတ္ထေရေန တံ ယေဝ၊
ဘဏာပေတွာန သာဒရံ။

၁၀။ သမ္မောဒိတွာန အာဗာဓာ၊
တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

တခုံရောအခါ ဘုရားမြတ်စွာသည်လည်း *အနာရောဂါ ပြင်းထန်စွာ နှိပ်စက် ခံရသဖြင့် အရှင်စုန္ဒ မထေရ်အား ထိုဗောဇ္ဈင်တရားတော်မြတ်ကို သာလျှင် ရွတ်သေစွာ ရွတ်စေ၍ နာတော်မူသည်ရှိသော် နှစ်သက် ဝမ်းမြောက်တော် မူသောကြောင့် ထိုခဏမှာပင် အနာရောဂါမှ ထမြောက်ကင်းကွာ ချမ်းသာတော်မူလေ၏၊ ဤသို့မှန်စွာဆိုသော သစ္စာစကားကြောင့် *သင့်အား အခါခပ်သိမ်း ဆင်းရဲလွတ်ကင်း ချမ်းသာ အေးမြခြင်း ဖြစ်ပါစေသတည်း။

၁၁။ ပဟီနာ တေစ အာဗာဓာ၊
တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂါ ဟတာ ကိလေသာဝ၊
ပတ္တာ နုပ္ပတ္တိ ဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဗောဇ္ဈင်္ဂသုတ္တံ နိဋ္ဌိတံ။

သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးလေ့ကျက်တော် မူကြကုန်ပြီးသော သဗ္ဗညုမြတ်စွာဘုရား အရှင်မောဂ္ဂလာန်အရှင်မဟာကဿပ ဤကိုယ်တော်မြတ်ကြီး သုံးပါးတို့အား ထိုအနာရောဂါတို့သည် ကင်းပျောက်တော် မူကြကုန်၏၊ မဂ်ဖြင့်ပယ်အပ်သော ကိလေသာတို့ကဲ့သို့ တဖန်မဖြစ်ကောင်းသောသဘောသို့ ရောက်ကြကုန်၏၊ ဤသို့မှန်စွာဆိုသော သစ္စာစကားကြောင့် *သင့်အား အခါခပ်သိမ်း ဆင်းရဲ လွတ်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

**ဗောဇ္ဈင်္ဂသုတ် မြန်မာပြန် ပြီး၏။**

## ၁၁-ပုဗ္ဗဏှသုတ် မြန်မာပြန်

၁။ ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
• ယောစာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါ နုဘာဝေန ဝိနာသ မေန္တု။

မကောင်းသော အတိတ် နိမိတ် မကောင်းသော အမင်္ဂလာ မကောင်းဆိုးဝါးသော ငှက်တို့၏ မနှစ်လိုဘွယ်သော မြည်သံတွန်သံ မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်း မကောင်းသော အိပ်မက်တို့သည် ရှိကုန်၏၊ ထိုမကောင်းသော အတိတ် နိမိတ် အစရှိသည်တို့သည် မြတ်စွာဘုရားတို့၏ တန်းခိုးတော်ဇော် အာနုဘော်ကြောင့် ကင်းစင် လွင့်ပျောက်ကြ စေကုန်သတည်း။

၂။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာ မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာ နုဘာဝေန ဝိနာသ မေန္တု။

မကောင်းသောအတိတ် နိမိတ် မကောင်းသော အမင်္ဂလာ မကောင်းဆိုးဝါးသောငှက်တို့၏ မနှစ်လိုဘွယ်သောမြည်သံတွန်သံ မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်း မကောင်းသော အိပ်မက်တို့သည် ရှိကုန်၏၊ ထိုမကောင်းသော အတိတ် နိမိတ် အစရှိသည်တို့သည် တရားတော်မြတ်တို့၏ တန်းခိုးတော်ဇော် အာနုဘော်ကြောင့် ကင်းစင်လွင့်ပျောက်ကြ စေကုန်သတည်း။

၃။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာ မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသ မေန္တု။

မကောင်းသော အတိတ် နိမိတ် မကောင်းသော အမင်္ဂလာ မကောင်းဆိုးဝါးသော ငှက်တို့၏မနှစ်လိုဘွယ်သောမြည်သံ တွန်သံ မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်း မကောင်းသော အိပ်မက်တို့သည် ရှိကုန်၏၊ ထိုမကောင်းသော အတိတ် နိမိတ် အပရှိသည်တို့သည် သံဃာတော်မြတ်တို့၏ တန်းခိုးတေဇော် အာနုဘော်ကြောင့် ကင်းစင်လွင့်ပျောက်ကြ စေကုန်သတည်း။

၄။ ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာစ နိဗ္ဘယာ။
သောကပ္ပတ္တာစ နိဿောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဆင်းရဲဒုက္ခရောက်နေကြရကုန်သော သတ္တဝါအားလုံးတို့သည် ဆင်းရဲဒုက္ခ ကင်းဝေးကြပါစေကုန်သတည်း၊ ဘေးနှင့် ရင်ဆိုင်တွေ့ကြုံနေကြရကုန်သော သတ္တဝါအားလုံးတို့သည် ဘေးဘယာဝေးကွာကြပါစေကုန်သတည်း၊ စိုးရိမ်ကြောင့်ကြ ဗျာပါရသို့ရောက်နေကြရကုန်သော သတ္တဝါ အားလုံးတို့သည် စိုးရိမ်လွတ်ကင်း ကြောင့်ကြခြင်း မရှိကြပါစေကုန်သတည်း။

၅။ ဧတ္တာဝတာစ အမှေဟိ၊
သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနုမောဒန္တု၊
သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။

ဤမျှအတိုင်းအရှည်ရှိသော ပရိတ်တရားတော်တို့ကို ရွတ်ဘတ်ပူဇော်ခြင်းဖြင့် အကျွန်ုပ်တို့ ကောင်းစွာ ဆည်းပူးပြုလုပ်အပ်သော ကုသိုလ်ကောင်းမှုတို့၏ ပြည့်စုံခြင်းကို အလုံးစုံသော နတ်အများတို့သည် လောကီ လောကုတ္တရာ စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံစေခြင်းအကျိုးငှါ ဝမ်းမြောက်နုမော် သာဓုခေါ် တော်မူကြပါကုန်လော့။

၆။ ဒါနံ ဒဒန္တု သဒ္ဓါယ၊
သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာ ဘိရတာ ဟောန္တု၊
ဂစ္ဆန္တု ဒေဝတာ ဂတာ။

ပေးကမ်းစွန့်ကြဲ နဲမျှားမဟူ အလှူဒါနကို ကံ ကံ၏ အကျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့် ပေးကမ်းလှူဒါန်းတော် မူကြပါကုန်လော့၊ နေ့ရော ညဉ့်ပါ အခါခပ်သိမ်း၊ ငါးပါး ရှစ်ပါး ဆယ်ပါးပညတ် သီလတော်မြတ်ကို မကျိုးမပေါက် မကျားမပြောက်အောင် စောင့်ရှောက်တော် မူကြပါကုန်လော့၊ သမထ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း၌ စီးဖြန်းမွေ့လျော် ပျော်ပိုက်တော်မူကြပါကုန်လော့၊ ပရိတ်တရားတော်နာ ကြွရောက်တော်မူလာကြကုန်သော အရှင်နတ်အများတို့သည် ကိုယ်စီ ကိုယ်ငှါ လိုရာဌာနသို့ ကြွမြန်းတော် မူကြပါကုန်လော့။

၇။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ကိုယ်တော်အား ဆယ်ပါး ဉာဏ်တော်အား ဆယ်ပါးသို့ ရောက်တော်မူကြကုန်သော အလုံးစုံသော မြတ်စွာဘုရားတို့၏ရင်း၊ ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ရင်း၊ အကြင် ဉာဏ်ဗလတော် သည် ရှိ၏၊ ထိုဉာဏ်ဗလတော်၏ တန်းခိုးတေဇော်အာနုဘော်ဖြင့် ထက်ဝန်းကျင်သော အရပ် မျက်နှာမှ အစောင့် အရှောက်ကို ဖွဲ့စည်းပါ၏။

၈။ ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊
သဂ္ဂေသုဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဤလူ့ပြည်၌ရင်း၊ နဂါးပြည် ဂဠုန်ပြည် အစရှိသည်၌ရင်း၊ နတ်ပြည်တို့၌ရင်း နှစ်သက် မြတ်နိုးအပ်သော အလုံးစုံသော ရတနာသည် ရှိ၏၊ ထိုရတနာတို့တွင် မြတ်စွာဘုရားနှင့် တူမျှသော ရတနာသည်မရှိ၊ ဤမြတ်စွာဘုရားသည်သာလျှင် လောကီရတနာ အပြားပြားတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် * သတ္တဝါတို့အား ကောင်းသော စီးပွားချမ်းသာ ဖြစ်ပါစေသတည်း။

၉။ ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊
သဂ္ဂေသုဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဤလူ့ပြည်၌၎င်း နဂါးပြည် ဂဠုန်ပြည် အစရှိသည်၌၎င်း၊ နတ်ပြည်တို့၌၎င်း နှစ်သက် မြတ်နိုးအပ်သော အလုံးစုံသော ရတနာသည်ရှိ၏၊ ထိုရတနာတို့တွင် မြတ်စွာဘုရား တရားတော်နှင့် တူမျှသော ရတနာသည် မရှိ၊ ဤတရားတော်သည် သာလျှင် လောကီရတနာ အပြားပြားတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် * သတ္တဝါတို့အား ကောင်းသော စီးပွားချမ်းသာ ဖြစ်ပါစေသတည်း။

၁၀။ ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊
သဂ္ဂေသုဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဤလူ့ပြည်၌၎င်း၊ နဂါးပြည် ဂဠုန်ပြည် အစရှိသည်၌၎င်း၊ နတ်ပြည်တို့၌၎င်း နှစ်သက် မြတ်နိုးအပ်သော အလုံးစုံသော ရတနာသည်ရှိ၏၊ ထိုရတနာတို့တွင် မြတ်စွာဘုရား တပည့်သား သံဃာတော်နှင့် တူမျှသော ရတနာသည် မရှိ၊ ဤသံဃာတော်သည်သာလျှင် လောကီရတနာ အပြားပြားတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် * သတ္တဝါတို့အား ကောင်းသော စီးပွားချမ်းသာ ဖြစ်ပါစေသတည်း။

၁၁။ ဘဝတု သဗ္ဗမင်္ဂလံ၊
ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါ နုဘာဝေန၊
သဒါ သုခီ ဘဝန္တု တေ။

ပစ္စုပ္ပန်သံသရာ နှစ်ဖြာဘဝ အေးမြရကြောင်း အလုံးစုံသော မင်္ဂလာတရား အပေါင်းသည် သင့်အား ဖြစ်ပါစေသတည်း၊ အလုံးစုံ အရပ်ရပ် ရှိသမျှသော နတ်တို့သည် သင့်အား စောင့်ရှောက်ကြ ပါစေကုန်သတည်း၊ ခပ်သိမ်းသော ဘုရားရှင်တို့၏ တန်းခိုးတေဇော် အာနုဘော်ကြောင့် သင့်အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပါစေကုန်သတည်း။

၁၂။ ဘဝတု သဗ္ဗမင်္ဂလံ၊
ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗ ဓမ္မာ နုဘာဝေန၊
သဒါ သုခီ ဘဝန္တု တေ။

ပစ္စုပ္ပန်သံသရာ နှစ်ဖြာဘဝ အေးမြရကြောင်း အလုံးစုံသော မင်္ဂလာတရား အပေါင်းသည် သင့်အား ဖြစ်ပါစေသတည်း၊ အလုံးစုံ အရပ်ရပ် ရှိသမျှသော နတ်တို့သည် သင့်အား စောင့်ရှောက်ကြ ပါကုန်စေသတည်း၊ ခပ်သိမ်းသော တရားတော်မြတ်တို့၏ တန်းခိုးတေဇော် အာနုဘော်ကြောင့် သင့်အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပါစေကုန်သတည်း။

၁၃။ ဘဝတု သဗ္ဗမင်္ဂလံ၊
ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာ နုဘာဝေန၊
သဒါ သုခီ ဘဝန္တု တေ။

ပစ္စုပ္ပန် သံသရာ နှစ်ဖြာဘဝ အေးမြရကြောင်း အလုံးစုံသော မင်္ဂလာတရား အပေါင်းသည် သင့်အား ဖြစ်ပါစေသတည်း။ အလုံးစုံ အရပ်ရပ် ရှိသမျှသော နတ်တို့သည် သင့်အား စောင့်ရှောက်ကြပါစေကုန်သတည်း။ ခပ်သိမ်းသော သံဃာတော်မြတ်တို့၏ တန်းခိုး တေဇော် အာနုဘော်ကြောင့် သင့်အား၊အခါ ခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပါစေကုန်သတည်း။

၁၄။ မဟာကာရုဏိကော နာထော၊
ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊
ပတ္တော သမ္ဗောဓိ မုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ကြီးမြတ်သော ကရုဏာ ရှိတော်မူသော ရှင်တော်ဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွား အလို့ငှါ အလုံးစုံသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူ၍၊မြင့်မြတ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရတော်မူ၏၊ ဤသို့မှန်စွာဆိုသော သစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ကောင်းသော စီးပွားချမ်းသာ ဖြစ်ပါစေသတည်း။

၁၅။ ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝံ မေဝံ ဇယော ဟောတု၊
ဇယဿု ဇယ မင်္ဂလေ။

သာကီဝင်မင်းတို့၏ နှစ်သက်မြတ်နိုးခြင်းကို ပွားတိုးစေတော်မူတတ်သော မြတ်စွာဘုရားသည် ဗောဓိပင်ခြေ ပလ္လင်ဗွေ၌မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့၊ဤနည်းအတူပင်သင့်အား

အောင်မြင်ခြင်းသည် ဖြစ်ပါစေသတည်း၊ သင်သည် အောင်အပ်သော မင်္ဂလာကို အောင်မြင်ပါစေသတည်း။

၁၆။ အ ပရာဇိတ ပလ္လင်္ကေ၊
သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊
အဂ္ဂပ္ပတ္တော ပမောဒတိ။

ခပ်သိမ်းသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ ဗုဒ္ဓါဘိသေက မင်္ဂလာကို ခံယူတော်မူရာ ဖြစ်၍ မြေအပြင်တွင် အထူးတင့်တယ်လျက် မြေဦးမြေထိပ်လည်းဖြစ်သော အပရာဇိတ ပလ္လင်ဟော်၌ သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် ကြည်နူး ရွှင်ပျော် ဝမ်းမြောက်တော် မူသကဲ့သို့၊ ဤနည်းအတူ သာလျှင် သင်သည် အထွတ်အထိပ်သို့ ရောက်၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ပါစေသတည်း။

၁၇။ သုနက္ခတ္တံ သုမင်္ဂလံ၊
သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊
သုယိဋ္ဌံ ဗြဟ္မစာရိသု။

သင့်အား ကောင်းသော နက္ခတ်သည် ဖြစ်ပါစေ သတည်း၊ ကောင်းသော မင်္ဂလာသည် ဖြစ်ပါစေသတည်း၊ ကောင်းသော မိုးသောက်ခြင်းသည် ဖြစ်ပါစေသတည်း၊ ကောင်းသော ထကြွခြင်းသည် ဖြစ်ပါစေသတည်း ကောင်းသော ခဏ အခိုက်သည် ဖြစ်ပါစေသတည်း၊ ကောင်းသော မုဟုတ်အချိန်သည် ဖြစ်ပါစေသတည်း၊ မြတ်သော အကျင့်ကို ကျင့်သော သူတော်ကောင်းတို့အား ကောင်းသောပူဇော်ခြင်းသည် ဖြစ်ပါစေသတည်း။

၁၇။ ပဒက္ခိဏံ ကာယကမ္မံ၊
ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊
ပဏိဓိ တေ ပဒက္ခိဏော။

*သင့်အား မြတ်သော ကာယကံသည် ဖြစ်ပါစေသတည်း၊ မြတ်သော ဝစီကံသည် ဖြစ်ပါစေသတည်း၊ မြတ်သော မနောကံသည် ဖြစ်ပါစေသတည်း၊ *သင်သည် မြတ်သော ကာယကံ မြတ်သော ဝစီကံ မြတ်သော မနောကံ ဟူသော ကံသုံးပါး၌ ဆောက်တည်နိုင်ပါစေသတည်း။

၁၈။ ပဒက္ခိဏာနိ ကတွာန၊
လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထ လဒ္ဓါ သုခိတာ၊
ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊
သဟ သဗ္ဗေဟိ ဉာတိဘိ။

ပုဗ္ဗဏှသုတ္တံ နိဋ္ဌိတံ။

အကြင်သူတို့သည် မြတ်သော ကာယကံ မြတ်သော ဝစီကံ မြတ်သော မနောကံကို ပြုလုပ်သောကြောင့် မြတ်သော အကျိုးကိုကို ရကြကုန်၏၊ ယင်းသူတို့သည် ကြီးပွားခြင်းသို့ ရောက်ကြပါစေကုန်သတည်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြပါစေကုန်သတည်း၊ ဗုဒ္ဓပြက္ခဒိန်သာသနာတော်၌ မဂ်ဉာဏ် ဖိုလ်ဉာဏ်တိုင်အောင် ပြန့်ပွားခြင်းသို့ ရောက်ကြပါစေကုန်သတည်း၊ အလုံးစုံသော အဆွေအမျိုးတို့နှင့် တကွ အနာရောဂါ ကင်းရှင်းချမ်းသာ အေးမြခြင်းသို့ ရောက်ကြပါစေကုန်သတည်း။

ပုဗ္ဗဏှသုတ် မြန်မာပြန် ပြီး၏။

**ပရိတ်ကြီး ပါဠိတော် မြန်မာပြန် ပြီး၏။**

# ပထဝီ ဇယ မန္တန်

## ၁၄ ဂါထာပါဠိ

(၁) ပြောင်း...မထဝိ ဇယသမ္ဗုံ၊ အနေက အန္တိရာယိကံ၊
ဇယံပစ္စကာ ဗုဒ္ဓါ၊ ဇယံ ပုရိမဟောသယော။

(၂) ဇယံဟာရောဟရိ ဒေဝေါ၊ ဇယံပြဟ္မာ မောရဋ္ဌော၊
ဇယံနာဂေါစဝိရုဋ္ဌော၊ ဝိရူပက္ခော စ စန္ဒိမာ။

(၃) ဝိဏှုဒ္ဒေါ ဝေနု တေယျောစ၊ ကုဝေရော ဝရုဏော ပိစ၊
အဂ္ဂိဝ ါရဏော ပဇ္ဇုန္နော၊ ကုမာရော စတုပါလကော။

(၄) အဋ္ဌာရသ မဟာဒေဝေါ၊ သုခိတာ စ ပယိဒ္ဓိတော၊
အသီတိ မဟာသာဝကာ၊ သဗ္ဗံ ဇယံ ဒဒန္တု မေ။

(၅) ဇေယျော မမ္မော စ သံဃော စ၊ ဒသဗလော စ ဇေယျ
တော၊ ဧတေန သစ္စ ဝဇ္ဇေန၊ ဇေယျာသုခိ
ဘဝန္တု မေ။

(၆) နရဒေဝါ စ ပြဟ္မာနော၊ ယက္ခာ နာဂါ စ ဝရုဋ္ဌာ၊
တေပိ ဒိသွာ ပိယာ မယှံ၊ ပုတ္တံမ မေဝသိနေဟာ။

---

တောင်းပန်ချက်။ ။မာတိကာ၌ စာမျက်နှာ ၈၉ တွင် ပထဝီ ဇယ မန္တန် ဖေါ်ပြရမည့်အစား၊ စာမျက်နှာ ၈၇ တွင် ပြန်လည်ဘတ်ရှုပါရန်။

# ပထဝီ ဇယမန္တန် မြန်မာပြန်

(၇) ဗုဒ္ဓပစ္စေက ဗုဒ္ဓါ စ၊ အရဟာ အဂ္ဂသာဝကာ၊ သဗ္ဗေ
ကာရေန္တု မေ မေတ္တံ၊ သဗ္ဗေ တိဋ္ဌန္တု မတ္ထကေ။

(၈) ဧဝံမေတ္တာနုဘာဝေန၊ သဗ္ဗရောဂါ သုခါလဘာ၊
သဗ္ဗေဘယာ ဝိနဿန္တု၊ သဗ္ဗေနဿန္တု-ပဒ္ဒဝါ။

(၉) ဣမသ္မိံ စက္ကဝါဠေသု၊ ဗြဟ္မအနန္တပါကာရေ၊ အနန္တ
စက္ကဝါဠေသု၊ ဗြဟ္မအနန္တပါကာရေ။

(၁၀) ဣမေသတ္တာ အဝေရာစ၊ အညမညံ ပိယာဟောန္တု၊
ဣမေ သတ္တာအဝေရာစ၊ အညမညံ သုခါဟောန္တု။

(၁၁) နေရယိကာ တိရစ္ဆာနာ၊ ပေတာ အသုရကာယမာ၊
ဣမေ သဗ္ဗေ ယတာသတ္တာ၊ ဒုက္ခာ မုစ္စန္တု ဟတ္တကာ၊

(၁၂) ဒသကောဋိ ဒကဇာစ၊ ထလဇာ နဝကောဋိယော၊
သံသေဒဇောပ ပါတိကာ၊ ဒီဃာယုကာဘဝန္တုတေ။

(၁၃) ဥဒ္ဓံယာဝ ဘဝဂ္ဂါစ၊ အဓောယာဝ အဝီစိတော၊
သမန္တာစက္ကဝါဠေသု၊ ယေသတ္တာ ပထဝီစရာ။

(၁၄) အဗျာပဇ္ဇာနိဝေရာစ၊ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ၊ သဗ္ဗေ
သတ္တာ အဝေရာစ၊ သဟာသဗ္ဗေဟိဉာတိဘိ။

# ပဋ္ဌာန်း ပထဝီဇယမန္တန် ၁၄ ဂါထာအနက်

(၁) အနေကန္တရာယိကာ၊ တပါးမက၊ များလှ သွယ်သွယ်၊ အန္တရာယ်ကိုပြုတတ်သော ပထဝီဇယသဗ္ဗံ၊မြေအပြင်တွင်အောင် မြင်ရန်ဟူသမျှ၊ တစမကြွင်း၊ ရန်ခပင်းကို ပြေြောင်း....လိုရာပြီး မြောက် ချမ်းသာရောက်အောင် မျက်မှောက်ထင်ထင် အောင် မြင်ပါစေသတည်း။ မဒဟာသယော၊ မြတ်သောသီလက္ခန္ဓစသည် ကို ရှာတော်မူကုန်ပြီးသော ပညာဓိက သဒ္ဓါဓိက ဝိရိယာဓိက ဘုရားသခင်၊ အရှင်အဂ္ဂသာဝက၊ မဟာသာဝက၊ပကတိသာဝက ရဟန္တာအရှင်မြတ်တို့သည် ပရိ၊ ထက်ဝန်းကျင် အကြွင်းမရှိသော အားဖြင့် မေ၊ ကျွန်ုံအား (နော ကျွန်ုပ်တို့အား၊) ဇယံ အောင် ခြင်းကို၊ဒဒန္တု ပေးထော် မူကြပါစေကုန်သတည်း။ပစ္စေကဗုဒ္ဓါစ၊ ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း၊ မေ၊ ကျွန်ုပ်အား (နော အကျွန်ုပ်တို့အား) ဇယံ၊ အောင်ခြင်းကို ဒဒန္တု၊ပေးတော်မူကြပါ စေကုန်သတည်း။

(၂) ဟာရော၊ဟာရမည်သော နတ်သည်ငင်း၊ ဟာရိဒေဝေါ၊ ဟာရိမည်သော နတ်သည်ငင်း၊ မေ၊ အကျွန်ုပ်အား (နော- အကျွန်ုပ်တို့အား)၊ ဇယံ၊ အောင်ခြင်းကို၊ဒဒန္တု၊ ပေးကြပါစေ ကုန်သတည်း။

ဗြဟ္မာ၊ ဗြဟ္မာ မည်သော နတ်သည်ငင်း၊ ဓတရဋ္ဌော၊ ဓတရဋ္ဌ နတ်မင်းသည်ငင်း၊ မေ၊အကျွန်ုပ်အား၊ (နော၊အကျွန်ုပ် တို့အား) ဒဒန္တု ပေးကြပါစေကုန်သတည်း။

နာဂေါစ၊ မဟာနာဂနတ်မင်းသည်ငင်း၊ ဝိရူဠှောစ၊ဝိရူဠှနတ် မင်းသည်ငင်း၊ စန္ဒိမာပိ၊ လနတ်သားသည်ငင်း၊

(၃) ဝိတ္တန္ဒေသာစ၊ အထူးထူးသော နတ်တို့ကို အစိုးရသော မင်းသည်၎င်း၊ စေနတေဃျောစ၊ ဝိနတာ အမည်ရှိသော နတ်သမီး၏ သားဖြစ်သော နတ်မင်းသည်၎င်း၊ ကုဝေရောစ ကုဝေရနတ်မင်းသည်၎င်း၊ ဝရုဏောပီစ၊ဝရုဏနတ်မင်းသည်၎င်း၊ အဂ္ဂိစ၊ မီးနတ်သားသည်၎င်း၊ဝချောစ၊လေနတ်သားသည်၎င်း၊ ပဇ္ဇုန္နောစ၊ မိုဃ်းနတ်သားသည်၎င်း၊ ကုမာရောစ၊ ဗိဿနိုးနတ်သည်၎င်း၊ စတုပါလကောစ၊လောကပါလနတ်သားလေးယောက်သည်၎င်း မေ၊ အကျွန်ုပ်အား (နော-အကျွန်ုပ်တို့အား) ဇယံ၊ အောင်ခြင်းကို ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။

(၄) သုခိတာ၊ ချမ်းသာအောင် ဆောင်နိုင် ကုန်သော အဌာရသ မဟာဒေဝါစ၊ တဆယ့်ရှစ်ယောက်ကုန်သော နတ်မင်းကြီးတို့သည်၎င်း၊ ပသိဒ္ဓိယော၊ အထူးထူးအပြားအပြား၊ စီးပွါးချမ်းသာကို ပြီးစေတတ်ကုန်သော အသီတိ မဟာသာဝကာစ၊ ရှစ်ကျိပ်သော မဟာသာဝက ရဟန္တာ အရှင်မြတ် တို့သည်၎င်း၊ မေ၊ အကျွန်ုပ်အား(နော-အကျွန်ုပ်တို့အား) သဗ္ဗံဇယံ၊ အောင်ခြင်းဟူသမျှကို ဒဒန္တု၊ ပေးတော်မူကြ ပါစေကုန်သတည်း။

(၅) ဓမ္မောစ၊ ဆယ်ပါးသော တရားတော် သည်၎င်း၊ သံဃော၊ သမ္မုတိ၊ ပရမတ်၊ နှစ်ရပ်သော သံဃာတော်သည်၎င်း၊ ဇေယျော၊ ရန်ဟူသမျှကို အထူးအောင်မြင်တော်မူပေ၏။ ဒသဗလောစ၊ ကာယ ဉာဏ်တော်အား ဆယ်ဖေါ်နှင့်၊ ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည်လည်း၊ ဇေယျကော၊ ရန်မျိုးဥဿုံ၊ အလုံးစုံကို ချက်ကုန်မကြွင်း၊ ခုတ်စဉ်းဖျက်ချေ၊ အထူးအောင်မြင်တော်မူပေ၏၊ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ ဆိုငြားမှန်ကန်သော သစ္စာစကားကြောင့်၊ ဇေယျော၊ ရန်အပေါင်းတို့ကို

အထူးအောင်မြင်ကုန်သည်ရှင်း၊ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ၊ မျှမ်းသာခြင်းနှင့် ပြည့်စုံကုန်သည်ရှင်း၊ မေ၊ အကျွန်ုပ်အား(ဒေနော-အကျွန်ုပ်တို့အား) ဘဝန္တု ဖြစ်ပါစေကုန်သတည်း။

(၆) နရာစ၊လူတို့သည်ရှင်း၊ဒေဝါစ၊နတ်တို့သည်ရှင်း၊ ဗြဟ္မနောစ၊ ဗြဟ္မာတို့သည်ရှင်း၊ယက္ခာစ၊ဘီးလူးတို့သည်ရှင်း၊နာဂါစ၊ နဂါးတို့သည်ရှင်း၊ ဂရုဠာစ၊ ဂဠုန်တို့သည်ရှင်း၊ တေပိ၊ ထိုလူနတ်ဗြဟ္မာဘီးလူး နဂါးဂဠုန်တို့သည်လည်း ဒိသွာ၊ မြင်သည်ရှိသော် မယှံ၊အကျွန်ုပ်အား (နော-အကျွန်ုပ်တို့အား)ပီယာ၊မြတ်နိုး ချစ်ခင်ကြသည် ဟောန္တု ဖြစ်ပါစေကုန်သတည်း။

ပုတ္တံ၊မိမိတို့၏သားကို သိနေဟာဟာဝ ချစ်ခင်ကြကုန်သကဲ့သို့၊ မမ၊ အကျွန်ုပ်အား (နော-အကျွန်ုပ်တို့အား) ပီယာ၊ မြတ်နိုးချစ်ခင်ကြကုန်သည်၊ ဟောန္တု ဖြစ်ပါစေကုန်သတည်း။

(၇) ဗုဒ္ဓါစ မြတ်စွာဘုရား တို့သည်ရှင်း၊ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါတို့သည်ရှင်း၊ အရဟာစ၊ရဟန္တာတို့သည်ရှင်း၊ အဂ္ဂသာဝကာစ၊ အဂ္ဂသာဝကတို့သည်ရှင်း၊ သဗ္ဗေ၊အလုံးစုံကုန်သော ဘုရားပစ္စေကဗုဒ္ဓါ၊ရဟန္တာ၊ အဂ္ဂသာဝကသို့သည် မေ၊ အကျွန်ုပ်အား (နော-အကျွန်ုပ်တို့အား) မေတ္တံ၊ ချစ်ခြင်းမေတ္တာကို၊ ကရောန္တု ပြုတော်မူပါစေကုန်သတည်း။

သဗ္ဗေ၊အလုံးစုံကုန်သော၊ ဘုရားပစ္စေကဗုဒ္ဓါရဟန္တာ အဂ္ဂသာဝကတို့သည်၊ မေ၊ အကျွန်ုပ်၏ (နော-အကျွန်ုပ်တို့၏) မတ္တကေ၊ ဦးခေါင်းထက်၌ တိဋ္ဌန္တု၊ ရပ်တည်တော်မူပါစေကုန်။

(၈) တေသံ၊ထိုဘုရားပစ္စေကဗုဒ္ဓါရဟန္တာအဂ္ဂသာဝကတို့၏၊ မေတ္တာနုဘာဝေန၊ မေတ္တာ၏အာနုဘော်တော်ကြောင့်၊ သဗ္ဗေ အလုံးစုံကုန်သော ရောဂါ၊ ကိုးဆယ့်ခြောက်ဖြာ၊ဒေနာရောဂါတို့

သည် သူသိကလာ၊အလွန်ငြိမ်းအေးကြကုန်သည် ဟောန္တု၊ဖြစ်ပါ
စေကုန်သတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော၊ ဘယာ၊ ကြောက်မက်ဘွယ်ဘေး
မျိုးတို့သည်၊ဝိနဿန္တု၊ပျောက်ကွယ်ကြပါစေကုန်သတည်း။သဗ္ဗေ
အလုံးစုံကုန်သော ဥပဒ္ဒဝါ ကပ်၍နှိပ်စက်တတ်ကုန်သော၊ ဥပဒ္ဒ
ဝေါတို့သည် နဿန္တု၊ ပျက်စီးကြပါစေကုန်သတည်း။

(၉) ဣမသ္မိံ စက္ကဝါဠေ၊ ဤစကြာဝဠာ၌၊ ဗဟူ၊များစွာကုန်
သော အနန္တပါဏိနော၊ အဆုံးအပိုင်းအခြား မရှိကုန်သော
သတ္တဝါအပေါင်းတို့သည်၎င်း၊ အနန္တစက္ကာဠေ၊ အဆုံးအပိုင်း
အခြားမရှိသော စကြာဝဠာတိုက်အပေါင်း၌ ဗဟူ၊များစွာ ကုန်
သော သတ္တဝါအပေါင်းတို့သည်၎င်း။

(၁၀) ဣမေသတ္တာ၊ဤဆိုအပ်ကုန်ပြီးသောသတ္တဝါအပေါင်း
တို့သည် အညမညံ၊ အချင်းချင်းတယောက်သည် တယောက်အား
အဝေရာ၊ ရန်မရှိကြကုန်သည်ဖြစ်၍ ပီယာစ၊မြတ်နိုးချစ်ခင်ကြ
သည်လည်း ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဣမေသတ္တာ၊
ဤဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည် အညမညံ၊
အချင်းချင်းတယောက်သည်တယောက်အား၊အဝေရာ၊ရန်မရှိကြ
ကုန်သည်ဖြစ်၍ သုခါစ၊ကိုယ်စိတ်နှစ်ဖြာ ချင်းသာခြင်းနှင့်ပြည့်စုံ
ကြကုန်သည်လည်းလည်း ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(၁၁) နေရယိကာစ၊ ငရဲသားတို့သည်၎င်း၊ တိရစ္ဆာနာစ၊
တိရစ္ဆာန်တို့သည်၎င်း၊ ပေတာစ၊ ပြိတ္တာတို့သည်၎င်း၊ အသုရကာစ၊
အသုရကာယ်တို့သည်၎င်း ယမာစ၊ ငရဲသနင်းယမမင်းတို့သည်
၎င်း၊ ယတာ၊ အကြင်သို့သော အခြင်းအရာအားဖြင့် ဇာတာ၊
ဖြစ်ကုန်သော သဗ္ဗေ၊ အလုံးစုံကုန်သော ဣမေသတ္တာ၊ ဤဆိုအပ်
ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည် သန္တိ၊ ရှိကြကုန်၏၊

တတ္တကာ၊ ထိုမျှလောက်ကုန်သော သတ္တဝါ အပေါင်းတို့သည် ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ မုစ္စန္တု၊ ကင်းလွတ် ကြပါစေကုန် သတည်း။

(၁၂) ဧသကောဋ္ဌိ ဒကဇာစ၊ ရေနေ-ဆယ်ကုဋေသောသတ္တဝါ အပေါင်းတို့သည်၎င်း၊ ထလဇာ နဝတောဋ္ဌိယောစ၊ ကုန်းနေ ကိုးကုဋေသော သတ္တဝါအပေါင်းတို့သည်၎င်း၊ သံသေဒဇော ပပါတိကာစ၊ အညှိ၌ဖြစ်သောသတ္တဝါ ကိုယ်ဆင်ရှားဖြစ်ပေါ်သော သတ္တဝါ အပေါင်းတို့သည်၎င်း၊ တေ၊ ထိုသို့အပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည် ဒီဃာယုကာ အသက်ရှည်ကြကုန်သည် ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။

(၁၃) သမန္တာ၊ ထက်ဝန်းကျင်အရပ်မှ စက္ကဝါဠသု၊ အဘိုး အပိုင်းအခြားမရှိကုန်သော စကြဝဠာတိုက်အပေါင်းတို့၌ ဥဒ္ဓံ အထက်၌ ယာဝဘဝဂ္ဂါစ၊ နေဝသညာနာသညာယတန ဘဝဂ်ဘုံ တိုင်အောင်၎င်း၊ အဓော၊ အောက်၌ ယာဝ အဝီစိတောစ၊ အဝီစိငရဲဘုံတိုင်အောင်၎င်း၊ ယေသတ္တာ၊ အကြင်သတ္တဝါ အပေါင်းတို့သည် ပထဝီစရာ၊ မြေရေနှစ်ပြင် ထက်ကောင်းကင်၌ ကျင်လည်လှည့်သွား ကျက်စားကြကုန်၏။

(၁၄) သဗ္ဗေ၊ အလုံးစုံကုန်သော တေသတ္တာ၊ ထိုသတ္တဝါ အပေါင်းတို့သည် သဗ္ဗတိ၊ အလုံးစုံကုန်သော ဥပဒ္ဒဝ၊ အနှောင့် အမျိုးတို့နှင့်၊ သဟ၊ တကွ၊ အ-ဗျာပဇ္ဇာစ ၊ စိုးရိမ်ကြောင့်ကြမရှိကြကုန်သည်၎င်း၊ နိဝေရာစ၊ အာ-ရန် မရှိကြကုန်သည်၎င်း၊ နိဒ္ဒုက္ခာစ ဆင်းရဲဒုက္ခမရှိကြကုန်သည်၎င်း၊ အဝေရာစ၊ အကွင်းရန်မရှိကြ ကုန်သည်၎င်း၊ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

**ပထဝီ ဇယ မန္တန် မြန်မာပြန်ပြီး၏။**

ကာ မှား ဗုဒ္ဓ တ ကျ ...

# ကျန်းမာဝဖြိုး အသျှကြက်သရေ
# တိုးလိုသူတို့အတွက်

## အိမ်တိုင်းလက်စွဲရှိသင့်သော ဆေးကျမ်းများ

၁။ သာရကောမုဒိ ဆေးကျမ်းကြီး .... ၁၀ိ

မောင်းထောင် သာသနာပိုင်၏ မူရင်း အတိုင်း ရိုက်နှိပ်ထားသည့် ကုယုံးဆေး ကျမ်းကြီး ဖြစ်သည်။

၂။ သြသဓရတနာကရ ဆေးကျမ်း .... ၃ိ-၅၀ပြား

မောင်းထောင် သာသနာပိုင်ဘာသာပြန် ရွှေ-ငွေ-ကြေး-သံ စသော ဓာတ် တို့ကို ဆေးဝါး ဖေါ်စပ် စားသုံးပုံ နည်းမျိုးစုံ ပါသည်။

၃။ ဓာတုဝိဘာဂဒီပနီ-မြန်မာပြန် (ပ) .... ၃ိ-၅ာပြား

မောင်းထောင် ဘာသာပြန်။ ရိုက်ဆဲ

၄။ ၎င်း (ဒု) .... ၃ိ-၅၀ပြား

၅။ ၎င်း (တ) .... ၃ိ-၅၀ပြား

**ဘီ၊ အိုး၊ တီ၊ ပုံနှိပ်တိုက်**

အမှတ် ၁၅၂၊ ၄၅-လမ်း၊ ရန်ကုန်မြို့။